ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မင်္ဂလာအကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 30 January 2017 (၈၈၂၂)

# မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော် ကျင်းပ

## ဂျပန်နိုင်ငံမှ ချယ်ရီပင်ပေါင်း တစ်ထောင်ကို နေပြည်တော်၌ ၂၀၁၇ မှ ၂၀၂၀ အထိ စိုက်ပျိုးသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ချယ်ရီပန်းကဲ့သို့ အင်မတန်လှပပြီး မတူညီသော ယဉ်ကျေးမှုများကြားတွင် အဆက်အသွယ်လုပ်ပေးနိုင်သည့် ပန်းလေးတစ်ခုသည်လည်း ငြိမ်းချမ်းရေး၏သင်္ကေတပင်ဖြစ်ပါကြောင်း၊ မတူကွဲပြားသည့် စိတ်ထားများကို ညီညွတ်စေသည့် အလှတရားအား မိမိတို့ကိုသင်ပေးသည်ဟု ယူဆပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ထို့ကြောင့် ချယ်ရီပန်းပင်များကို စိုက်ပျိုးသည့်အခါ ပန်းပင်စိုက်သည်ဟု မစဉ်းစားဘဲ နိုင်ငံနှစ်ခုကြားတွင်ရှိသည့် ချစ်ကြည်မှု၊ ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေရန် စိုက်ထူသည်၊ ပြုစုပျိုးထောင်သည်ဟု သဘောထားပြီး မိမိနိုင်ငံအတွက် အလှတရားများတိုးပွားစေမည့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း အထောက်အကူဖြစ်စေသည့် သင်္ကေတဟု စိတ်ထဲတွင်ထားရန် တိုက်တွန်းမှာကြားလိုကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဗိုလ်ရှုသဘင်အနီး ကျင်းပသည့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ထိုသို့ပြောကြားခဲ့သည်။

**ချယ်ရီပန်းပင်များအား မြန်မာနိုင်ငံ၌ လာရောက်စိုက်ပျိုးခြင်းသည် ထိုပန်းကဲ့သို့သော အလှအပများ မြန်မာနိုင်ငံသို့ ရောက်ရှိလာစေရန်ဖြစ်...**

ထို့ပြင် ချယ်ရီပင်များ၏ သင်္ကေတသည် မြန်မာ-ဂျပန်နှစ်နိုင်ငံအကြားရှိ ချစ်ကြည်ရေးသင်္ကေတပင်ဖြစ်ကြောင်း၊ ချယ်ရီပန်းသည် ဂျပန်နိုင်ငံသူ နိုင်ငံသားများ အင်မတန်နှစ်သက်သည့်ပန်းဖြစ်ပြီး အင်မတန်လှပသည့် ပန်းဖြစ်ပါကြောင်း၊ ချယ်ရီပန်းပင်များအား မြန်မာနိုင်ငံ၌ လာရောက်စိုက်ပျိုးခြင်းသည် ထိုပန်းကဲ့သို့သော အလှအပများ မြန်မာနိုင်ငံသို့ ရောက်ရှိလာစေရန်ဖြစ်ကြောင်း၊ ချယ်ရီပန်းသည် ဂျပန်ယဉ်ကျေးမှုတွင် အင်မတန်အရေးကြီးသည့် သင်္ကေတတစ်ခုဖြစ်ကြောင်း၊ ချယ်ရီပန်းများသည် သစ္စာရှိရှိဖြင့် နှစ်တိုင်းနှစ်တိုင်း ပွင့်ပါကြောင်း၊ သို့သော်လည်း ကြာကြာမခံဘဲ ပွင့်ပြီး ခဏလေးဖြင့် ပြန်ကြွေသွားပါကြောင်း။

သို့သော်လည်း ထိုပန်း၏အလှသည် ရှိနေသမျှ၊ ခံသမျှတော့ အင်မတန်တင့်တယ်ပါကြောင်း၊ ထို့ကြောင့် ချယ်ရီပန်းမှ သင်ခန်းစာယူရမည်ဆိုလျှင် မိမိတို့သည် လူ့ဘဝတွင်ရှိနေသရွေ့တော့ တင့်တယ်အောင်နေရမည်၊ မိမိပတ်ဝန်းကျင်ကို လှပအောင်ကြိုးစားရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်လှပရေးဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာတင်မက စိတ်ဓာတ်ပိုင်းဆိုင်ရာ လှပတင့်တယ်ရန်လိုအပ်ပါကြောင်း။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



**မြန်မာ-ဂျပန်ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆိုမဲရောရှိ အမျိုးအစား ချယ်ရီပင်အား စိုက်ပျိုးပေးစဉ်။** (သတင်းစဉ်)

### စားသုံးရန်မသင့်သော အစားအသောက်များနှင့် ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

စာမျက်နှာ - ၁၂

### (၁၄)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပ

စာမျက်နှာ - ၁၆

### သမ္မတထရမ့်နှင့် ဝန်ကြီးချုပ်ပူတင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းမည်

စာမျက်နှာ - ၄

KBZ BANK
STRENGTH OF MYANMAR
သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## အမှန်တရားအတွက် ကြိုးစားဆောင်ရွက်သူ ဦးကိုနီ

မည်သည့် လူ့အဖွဲ့အစည်းမဆို ပြည်သူတို့အကြား လွတ်လွတ်လပ်လပ် ဆန္ဒအလျောက် ထုတ်ဖော်ဆွေးနွေးမှုအရ အများစု၏ သဘောတူညီချက်ဖြင့် ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းတို့ကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ သို့မှသာ လူ့အဖွဲ့အစည်း၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားမည်ဖြစ်ပါသည်။ လောကပါလတရားများ ထွန်းကားမှသာ သက်ဆိုင်ရာ လူ့အဖွဲ့အစည်း (သို့မဟုတ်) နိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဖြစ်ထွန်းစေမည်ဖြစ်ပါသည်။

သို့သော် နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို လျစ်လျူရှုလျက် ကိုယ်ကျိုးစီးပွားကိုသာ မျက်နှာမူသော အဖျက်အမှောင့်အင်အားစုတို့သည် အများပြည်သူ၏ သဘောတူညီမှုဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသော စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်တို့ကို ရှောင်ရှားပစ်ပယ်လိုကြပါသည်။ ကိုယ်ကျိုးစီးပွားဆိုရာ၌ ဓနဥစ္စာပစ္စည်း အကျိုးစီးပွားပါဝင်သကဲ့သို့ အသေဆုပ်ကိုင်ထားသည့် အယူအဆ သဘောထားတို့၏အကျိုးစီးပွားလည်း ပါဝင်ပါသည်။ ကိုယ်ကျိုးစီးပွားကိုသာ မျက်နှာမူသော ဤအဖျက်အမှောင့်အင်အားစုတို့သည် ပြည်သူလူထုကို ရင်ဆိုင်စည်းရုံးရန် သတ္တိမရှိသော သူရဲဘောကြောင်သူများသာဖြစ်ပါသည်။ တစ်ခါတစ်ရံ ဤသတ္တိမရှိ၊ သူရဲဘောကြောင်သော အဖျက်အမှောင့်သမားများသည် ၎င်းတို့၏ ဆန္ဒသဘောထားကို အများပြည်သူတို့က ကြောက်ရွံ့လက်ခံလာစေရန် လုပ်ကြံသတ်ဖြတ်ခြင်းကဲ့သို့သော စက်ဆုပ်ရွံရှာစရာလုပ်ရပ်တို့ကို ကျူးလွန်လေ့ရှိပါသည်။

ဝမ်းနည်းစရာကောင်းသည်မှာ ဤကဲ့သို့သော စက်ဆုပ်ရွံရှာစရာကောင်းသည့် အဖျက်အမှောင့်သမားတို့၏ လုပ်ကြံမှုဖြင့် တရားလွှတ်တော်ရှေ့နေဦးကိုနီ ကျဆုံးခဲ့ရခြင်းဖြစ်ပါသည်။ တရားလွှတ်တော်ရှေ့နေဦးကိုနီသည် တိုင်းပြည်၏ ဒီမိုကရေစီရေးနှင့် တရားမျှတမှုအတွက် သန္နိဋ္ဌာန်ခိုင်မာစွာ ဆောင်ရွက်လျက်ရှိသော နိုင်ငံ၏ သားကောင်းတစ်ဦးဖြစ်ပါသည်။ ဒီမိုကရေစီရေးနှင့် တရားမျှတမှုဟူသည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တနေသော အမျိုးသားရေးဦးတည်ချက်များ ဖြစ်ပါသည်။ ဦးကိုနီအား လုပ်ကြံသော အဖျက်အမှောင့်သမားတို့သည် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ဤအမျိုးသားရေးဦးတည်ချက်တို့ကို ဖျက်လိုဖျက်ဆီးလုပ်လိုသည်မှာ အထင်အရှားဖြစ်ပါသည်။

သို့သော် ပြည်သူလူထု၏ဆန္ဒလိုလားချက်ကို ချေမှုန်းဖျက်ဆီးနိုင်သည့် အဖျက်အမှောင့်အင်အားစုဟူသည် ကမ္ဘာ့သမိုင်း၌ အတိတ်ကာလကမရှိခဲ့သကဲ့သို့ ပစ္စုပ္ပန်ကာလတွင်လည်း ရှိမည်မဟုတ်ပါ။ အနာဂတ်ကာလတွင်လည်း ဖြစ်နိုင်စရာအကြောင်း ယုတ္တိတရားတို့ တည်ရှိခြင်းမရှိပါ။ ဦးကိုနီကဲ့သို့သော အမှန်တရားအတွက် ကြိုးစားဆောင်ရွက်သူများသည်သာ အချိန်ကာလ၏ ကန့်သတ်ချက်ကိုကျော်လွှား၍ ကမ္ဘာတည်သရွေ့ ကမ္ဘာ့ပြည်သူတို့၏ နှလုံးသား၌ တည်ရှိနေမည်ဖြစ်ပါသည်။ ။

## ၂၀၁၇ ခုနှစ်၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

(၁) ပြည်ထောင်စုစိတ်ဓာတ် နိုးကြားရှင်သန်ရေး၊

(၂) အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင် တည်ဆောက်ရေး၊

(၃) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ရေး၊

(၄) ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေး၊

## ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ရေး ဇန်နဝါရီ ၂၉**

မော်လမြိုင်ခရိုင် ရေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းထောစံနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရေးမြို့နယ်တွင် ရေပေးရေးလုပ်ငန်း ဆောင်ရွက်ရန် တင်ဒါအောင် ကုမ္ပဏီဖြစ်သော ပြည်အလင်းရောင် ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သော သဲခုံကျေးရွာ စိမ့်စမ်းရေသွယ်တန်းခြင်း(အခြား)လုပ်ငန်းအား စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(ကြေးမုံ)**

## ရှေးဟောင်းဆေးကျမ်းများ၊ ဆေးနည်းများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ဇန်နဝါရီ ၂၅ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၏ ပြင်ပလူနာဌာနနှင့် ကျောက်ကပ်တု သွေးသန့်စင်ခန်းတို့တွင် ကုသမှုလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ အလုပ်သင်ဆရာဝန်များနှင့်တွေ့ဆုံကာ ဓာတ်ခွဲခန်းသုံးပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ် မန္တလေးသို့ ရောက်ရှိပြီး ပါမောက္ခချုပ်နှင့် ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများအား တွေ့ဆုံကာ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးသည်။ ယင်းနောက် စာကြည့်တိုက်နှင့် စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ သင်ကြားမှုနည်းစနစ်များ၊ သင်ထောက်ကူပစ္စည်းများနှင့် ပတ်သက်၍ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် မန္တလေးမြို့၌ GMP အဆင့်မီတည်ဆောက်လျက်ရှိသော တိုင်းရင်းဆေးဝါးစက်ရုံသို့ ရောက်ရှိကာ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် အခန်းများဖွဲ့စည်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ယင်းနောက် မန္တလေးတောင်ခြေရှိ တိုင်းရင်းဆေးတက္ကသိုလ်သို့ ရောက်ရှိပြီး ပရဆေးဥယျာဉ်တွင် ပရဆေးပင်များ စနစ်တကျစိုက်ပျိုးထိန်းသိမ်းထားရှိမှုကိုလည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ်၏ ပြတိုက်နှင့် စာကြည့်တိုက်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးဌာနသုံးဆေးနည်းများ၊ ရှေးဟောင်းဆေးကျမ်းများ၊ ပေပုရပိုက်များ မပျက်စီးစေရန် မှာကြားသည်။ **(အပေါ်ပုံ)**

ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(မန္တလေး)၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား တွေ့ဆုံခဲ့ပြီး တက္ကသိုလ်အတွင်း ကြည့်ရှုစစ်ဆေးကာ ကျောင်းသားများ အနေဖြင့် ခေတ်မီရောဂါရှာဖွေရေးစက်များ၊ ဓာတ်ခွဲခန်းများ၊ ကိုယ်ခန္ဓာသန်စွမ်းမှုဆိုင်ရာ ကုထုံးများဖြင့် ကုသလျက်ရှိသည့် ဆေးရုံများသို့လည်း သွားရောက်သင်ယူလေ့လာခြင်းအားဖြင့် မိမိတို့သင်ကြားတတ်မြောက်ထားသော ပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်သို့ ရောက်သည့်အခါတွင် ပိုမိုအံဝင်ခွင်ကျ အသုံးပြုတတ်ပြီး ပြည်သူလူထုကို ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အခြေခံငါးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ငါးသားဖောက်သင်တန်းဖွင့်

**ဒိုက်ဦး ဇန်နဝါရီ ၂၉**

ဒေသခံငါးမွေးမြူသူများအား ရေမြေသဘာဝနှင့်ကိုက်ညီသော ငါးမျိုးကောင်းမျိုးသန့်များကို ကုန်ကျစရိတ်သက်သာစွာရရှိနိုင်စေရန်၊ ငါးသားပေါက်ပြုစုမွေးမြူရေး နည်းပညာများဖြန့်ဝေပေးရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်၊ လူတစ်ဦးချင်း တစ်နှစ်ငါးစားသုံးမှု မြင့်မားလာစေရန် အခြေခံငါးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် ငါးသားဖောက်သင်တန်းကို ဇန်နဝါရီ ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပန္နတ်ကျေးရွာအုပ်စုရှိ တောင်သူဦးသိန်းမြင့်၏ ဧက ၁၀၀၀ စိုက်ပျိုးရေးလုပ်ငန်းရှိ တစ်ပိုင်တစ်နိုင်ငါးသားဖောက်စခန်း Backyard Hatchery ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘုန်းမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီ၊ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသက်ဦးနှင့် တာဝန်ရှိသူများ၊ ဒိုက်ဦးမြို့နယ်ရှိ ကျေးရွာများမှ တောင်သူများ၊ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ၊ အင်းလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ သင်တန်းသား ၃၁ ဦးတို့ တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ခင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၇၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၁၊ ဖက်စ် ၀၁-၂၀၁၃၅၀




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

မိမိတို့လူ့ဘဝသည် မည်မျှတိုတောင်းသည်ဖြစ်စေ မိမိတို့ပတ်ဝန်းကျင်၊ မိမိတို့နေထိုင်သည့်နိုင်ငံ၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးအတွက် အကျိုးဖြစ်အောင် အသုံးပြုရမည်ဟုဆိုလိုခြင်းသဘောဖြစ်ပါကြောင်း၊ ချယ်ရီပန်းများကို တန်ဖိုးထားခြင်းသည် အဆိုပါအတွေးအခေါ်များကို တန်ဖိုးထားခြင်းဖြစ်ကြောင်း၊ မည်သည့်ယဉ်ကျေးမှုတွင်မဆို ကောင်းမွန်သည့်အရာများ၊ မျှဝေပေးနိုင်သည့်အရာများ များစွာရှိပါကြောင်း၊ မျှဝေပေးသင့်သည့်အရာများကို ယခုလိုမျှဝေပေးသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ယခုလို မျှဝေပေးခြင်းအားဖြင့် တစ်ကမ္ဘာလုံးတွင် လူသားအချင်းချင်း ဆက်သွယ်သည့် စိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း၊ ယခုမိမိတို့ နိုင်ငံ၏ရာသီဥတုအခြေအနေသည် မပူလွန်း မအေးလွန်း မျှတသည့်ရာသီဥတု အချိန်အခါဖြစ်သည့်အတွက် ချယ်ရီပင်များစိုက်ပျိုးခြင်းသည် အင်မတန်ကောင်းမွန်သည့် လက္ခဏာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ယခုအခါ ငြိမ်းချမ်းရေးလမ်းပေါ်တွင် စတင်လျှောက်လှမ်းနေသည့်အချိန်ဖြစ်ပါကြောင်း၊ မိမိတို့ငြိမ်းချမ်းရေးလမ်းသည်လည်း လှပခြင်း၊ တင့်တယ်ခြင်း၊ မှန်ကန်ခြင်း၊ သဟဇာတဖြစ်ခြင်းဆိုသည့် တန်ဖိုးများကို အလေးထားပြီး ဆောက်တည်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောက်တည်သည့် လမ်းမှသာ မိမိတို့လိုချင်သည့်ပန်းတိုင်ကို ဖြောင့်ဖြောင့်ဖြူးဖြူးဖြင့် ခေါ်သွားနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာကြီးတွင် လူသားများအားလုံးသည် ငြိမ်းချမ်းရေးကို လိုချင်၊ လိုလားတမ်းတတန်ဖိုးထားကြသည်ကို ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်နှင့် ငြိမ်းချမ်းရေး၏ တန်ဖိုးကို နားမလည်ကြသူများသာ ငြိမ်းချမ်းရေးကို အလေးမထား၊ မလိုလားခြင်းဖြစ်ပါကြောင်း၊ မိမိတို့၏ နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းရေး၏ အလှအပကို နားလည်စေရန် သင်္ကေတအမျိုးမျိုးဖြင့် ကြိုးစားသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA က ချယ်ရီပန်း၏ သဘာဝ၊ အလှတရား၊ အဓိပ္ပာယ်များနှင့် စိုက်ပျိုးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချယ်ရီပင်စိုက်ပျိုးပွဲတော်ကိုကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. ICHIRO AISAWA နှင့်အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ချယ်ရီပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများသည် အခမ်းအနားသို့တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် မြန်မာ-ဂျပန် ချစ်ကြည်ရေး ချယ်ရီပင်စိုက်ပျိုးပွဲတော်ကို နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အနာဂတ်လူငယ်များ ငြိမ်းချမ်းရေးကို အလေးထားဆောင်ရွက်နိုင်ရန်၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရန် ရည်ရွယ်ချက်များဖြင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ ချယ်ရီပင်ပေါင်း ၁၀၀၀ ကို နေပြည်တော် ကြာပန်းအဝိုင်းမှ လွှတ်တော်သို့သွားသည့် ဇဝနလမ်း၏ ဝဲ၊ ယာတွင်စိုက်ပျိုးရန် စီစဉ်ထားကြောင်း၊ ပထမအကြိမ်အဖြစ် ချယ်ရီပင် ၁၀၀ ကို စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ် နိုဝင်ဘာတွင် ချယ်ရီပင် ၂၀၀ စီ စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၀ ခုနှစ်တွင် ချယ်ရီပင် ၃၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း။

ယခုစိုက်ပျိုးသည့် (Prunus Youkouzakura)ချယ်ရီပင်သည် ဂျပန်မူရင်းချယ်ရီပင်ဖြစ်သည့် ဆိုမဲရောရှိ (Someyoshi) အမျိုးအစားချယ်ရီပင်အား အပူပိုင်းဒေသတွင် စိုက်ပျိုးအောင်မြင်နိုင်စေရန်အတွက် မျိုးရိုးဗီဇကို အင်ဂျင်နီယာနည်းပညာဖြင့် ပြုပြင်ပြောင်းလဲမှုပြုလုပ်ခဲ့ရာမှ ရရှိလာသော အပင်အမျိုးအစားဖြစ်သည်။ ချယ်ရီပန်းပညာရှင် Mr.MASAAKI TAKAOKA က လွန်ခဲ့သည့် ၅၁ နှစ်ကတည်းက အောင်မြင်မှုရခဲ့ပြီး အဆိုပါချယ်ရီပင်များအား နိုင်ငံတကာတွင် စိုက်ပျိုးခဲ့ရာ ယနေ့အထိ အပင်အရေအတွက် စုစုပေါင်း ၁၁၀၀၀၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာ-ဂျပန် ပါလီမန်ချင်းချစ်ကြည်ရေး ကော်မတီဥက္ကဋ္ဌနှင့် Parliamentary Sakura Promotion Association of Japan ဥက္ကဋ္ဌ H.E.Mr. Ichiro AISAWA အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ ဂျပန်-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ကဏ္ဍစုံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင် ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ တစ်အိမ်တက်ဆင်း (Door to Door) ကောက်ယူခဲ့သည်။

အဆိုပါ အခြေခံမဲဆန္ဒရှင်စာရင်းများကို ၁-၂-၂၀၁၇ ရက်နေ့မှ ၁၄-၂-၂၀၁၇ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များမှ မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှု၍ မိမိအမည်မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့) ရယူနိုင်သည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၇ ခုနှစ် မတ် ၁၇ ရက်တွင် ကပ်ထားကြေညာပေးမည်ဖြစ်သည်။

မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ဝိုင်းဝန်းကူညီကြပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

(သတင်းစဉ်)

# ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ချောင်းဆုံမြို့နယ်အတွင်း ရွှေကျွန်းဂုဏ်ရည်ကုမ္ပဏီမှ ဆောင်ရွက်သော မုရစ်ကလေး-ခရိုက်ဒူး-ဆယ်ပလာ ကတ္တရာလမ်း(၁/၄) မိုင် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို မော်လမြိုင်ခရိုင်ဦးစီးမှူး ဦးရဲဝင်းနှင့် အင်ဂျင်နီယာများ၊ မြို့နယ်ဦးစီးမှူး ဦးဇော်မျိုးလွင် (ဦးစီးအရာရှိ၊ နည်းပညာ)နှင့် အငယ်တန်းအင်ဂျင်နီယာ-၄ တို့က ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မောင်သိန်း(ကျေးလက်)**

ကြေးမုံ



# သမ္မတထရန့်နှင့် ဝန်ကြီးချုပ်ပူတင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းမည်



**ဝါရှင်တန် ဇန်နဝါရီ ၂၉**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ရုရှားဝန်ကြီးချုပ် ဗလာဒီမာပူတင်တို့က ဆီးရီးယားနိုင်ငံကို ခြေကုပ်ယူထားပြီး ကမ္ဘာအဝန်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသည့် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းရာတွင် ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း သဘောတူညီခဲ့ကြသည်။

သမ္မတထရန့် ရာထူးတာဝန်များ စတင်ထမ်းရွက်ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သမ္မတထရန့်နှင့် ရုရှားဝန်ကြီးချုပ် ပူတင်တို့သည် ဇန်နဝါရီ ၂၈ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့် အထက်ပါကိစ္စရပ်ကို သဘောတူညီခဲ့ကြခြင်းဖြစ်သည်။

ကိုရီးယားကျွန်းဆွယ်၊ အီရန်နျူကလီးယားအစီအစဉ်နှင့် ယူကရိန်းအရေးတို့အပါအဝင် အခြားသော နိုင်ငံတကာရေးရာကိစ္စရပ်များကို ခေါင်းဆောင်နှစ်ဦးက ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြကြောင်း ရုရှားနိုင်ငံကရင်မလင်ရုံး၏ ထုတ်ပြန်ကြေညာချက်တစ်ရပ်တွင် ပါရှိသည်။

ခေါင်းဆောင်နှစ်ဦးအနေဖြင့် လူချင်းတွေ့ဆုံဆွေးနွေးကြရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင်ပါရှိသည်။

သမ္မတထရန့်က ၎င်းအနေဖြင့် ရုရှားနိုင်ငံနှင့်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန် ဆန္ဒရှိကြောင်းဆိုသည်။ သို့သော် ရီပတ်ဘလီကန်များနှင့် အစိုးရအဖွဲ့ဝင်အချို့က သူ၏ အလျင်စလိုလုပ်ဆောင်မှုများအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်နေကြောင်း သမ္မတထရန့်က ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် မော်စကိုက ကြားဝင်ဆောင်ရွက်မှုများ ရှိ၊ မရှိ စုံစမ်းစစ်ဆေးခြင်းကို အမေရိကန်စုံစမ်းထောက်လှမ်းရေးအရာရှိများက အဆုံးသတ်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**



# နေတိုးအဖွဲ့၏ လုံခြုံရေးဆိုင်ရာ စရိတ်စကများအတွက် အဖွဲ့ဝင်အားလုံးမျှဝေထည့်ဝင်ရေး ထရန့်နှင့် မာကယ်သဘောတူ

**ဝါရှင်တန် ဇန်နဝါရီ ၂၉**
မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး)သည် အရေးပါသော စစ်မဟာမိတ်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ကို မိမိတို့ အလေးမူကြောင်း၊ အကြမ်းဖက်မှုနှင့် စစ်သွေးကြွမှုတို့ကို တိုက်ဖျက်နိုင်ရေးအတွက် မိမိတို့ အတူတကွ လက်တွဲဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ပြုကြကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သမ္မတထရန့်နှင့် ဝန်ကြီးချုပ် မာကဲလ်တို့ ဇန်နဝါရီ ၂၈ ရက်က တယ်လီဖုန်းဆက်သွယ်ကာ နေတိုး၏ အခန်းကဏ္ဍ၊ အရှေ့အလယ်ပိုင်းဒေသနှင့် မြောက်ပိုင်းအာဖရိကဒေသတို့၏ အခြေအနေ၊ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးနှင့် ယူကရိန်းအရှေ့ပိုင်း ပဋိပက္ခတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

နေတိုးအဖွဲ့သည် ၂၁ ရာစုခေတ်၏ ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်းရှိရမည်ဖြစ်ကြောင်း၊ မိမိတို့၏ လုံခြုံရေးအတွက် စုပေါင်းတာဝန်ယူမှုအရ နေတိုးအဖွဲ့ဝင်မဟာမိတ်နိုင်ငံများအားလုံးအနေဖြင့် စုပေါင်းလုံခြုံရေး ကုန်ကျစရိတ်များကို မျှတစွာ ထည့်ဝင်သင့်ကြောင်း ခေါင်းဆောင်နှစ်ဦး၏ ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

လာမည့် ဇူလိုင်လတွင် ဂျာမနီနိုင်ငံ ဟမ်းဘတ်မြို့၌ ကျင်းပမည့် ဂျီ-၂၀ စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် မာကဲလ်၏ ဖိတ်ကြားချက်ကို ထရန့်က လက်ခံခဲ့သည်။ မကြာမီကာလအတွင်း ဝါရှင်တန်သို့ မာကဲလ် လာရောက်မည်ဟု မျှော်လင့်ပါကြောင်း ထရန့်က ပြောကြားသည်။ ဂျာမနီနိုင်ငံသည် ယခုနှစ်တွင် ဂျီ-၂၀ အဖွဲ့၏ ဥက္ကဋ္ဌနေရာကို ရယူထားသော နိုင်ငံဖြစ်သည်။

ရွှေ့ပြောင်းအခြေစိုက်နေထိုင်မှုကို ကန့်သတ်ခြင်း၊ လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်များကို ဖျက်သိမ်းရန် ရည်ရွယ်လုပ်ရှားခြင်းတို့နှင့် သက်ဆိုင်နေသော ထရန့်၏ ညွှန်ကြားချက်အမိန့်များနှင့်စပ်လျဉ်း၍ ပူးတွဲကြေညာချက်တွင် ဖော်ပြထားခြင်းမရှိပေ။ မကြာသေးမီရက်များအတွင်း သမ္မတ ထရန့်က အမိန့်ဒီကရီများ ထုတ်ပြန်ခဲ့ခြင်းနှင့်ပတ်သက်၍ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။

**ရိုက်တာ။**

# အမေရိကန်လေဆိပ်များသို့ ဆိုက်ရောက်လာသူ မွတ်စလင်များအား အရေးပေါ်တည်းခိုခွင့်ပြုရန် တရားသူကြီး အမိန့်ချမှတ်

**နယူးယောက် ဇန်နဝါရီ ၂၉**
အမေရိကန်လေဆိပ်သို့ တရားဝင်ဗီဇာဖြင့် ဆိုက်ရောက်လာသော မွတ်စလင်များကို ခေတ္တခဏ တည်းခိုနေထိုင်ခွင့်ပြုရန် နယူးယောက်မြို့ ဘရွတ်ကလင်းအရပ်မှ ဖက်ဒရယ်တရားသူကြီးတစ်ဦးက အမိန့်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မွတ်စလင်အများစုနေထိုင်ရာ နိုင်ငံခုနစ်နိုင်ငံမှ အမေရိကန်ပြည်ထောင်စုသို့ မွတ်စလင်များ ဝင်ရောက်လာခြင်းကို ပိတ်ပင်သည့် အမိန့်ဒီကရီတစ်ရပ်ကို သမ္မတဒေါ်နယ်ထရန့်က ထုတ်ပြန်ကြေညာခဲ့ပြီးနောက် အမေရိကန်လေဆိပ်များ၌ ကသောင်းကနင်းအခြေအနေများ ဖြစ်ပေါ်ခဲ့ရသည်။

တရားဝင်ဗီဇာများဖြင့် ဆိုက်ရောက်လာသော မွတ်စလင်ခရီးသည်များကို အဝင်မခံဘဲ ပြန်လည်နှင်ထုတ်လျက်ရှိရာ လေဆိပ်များတွင် မွတ်စလင်ခရီးသည်များ၏ ကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အမေရိကန်လေဆိပ်များ၌ ထိန်းသိမ်းခံရသော မွတ်စလင်ခရီးသည် ၁၀၀ မှ ၂၀၀ အထိရှိသည်ဟု အမေရိကန်နိုင်ငံသား အခွင့်အရေးသမဂ္ဂက ခန့်မှန်းသော်လည်း အစိုးရရှေ့နေများက ယင်းအရေအတွက်နှင့်ပတ်သက်၍ အတည်ပြုခြင်းမရှိပေ။

မွတ်စလင်များ ပြည်ဝင်ခြင်းမှ တားမြစ်ပိတ်ပင်သည့် အမိန့်ကို သမ္မတထရန့်က ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်ပြည်ထောင်စုအတွင်းသို့ ဝင်ရောက်လာသူများကို လေဆိပ်တာဝန်ရှိသူများက တားမြစ်ပိတ်ပင်ခဲ့သည်။

ခရီးသည်ဦးရေမည်မျှကို နေရင်းနိုင်ငံသို့ ပြန်ပို့ခြင်း၊ ခရီးသည်ဦးရေမည်မျှကို ထိန်းသိမ်းထားခြင်းတို့နှင့်ပတ်သက်၍ အမိမြေလုံခြုံရေးဌာနက အတိအကျ ပြောကြားခြင်းမရှိပေ။

ဒုက္ခသည်များကိုယ်စား ရှေ့နေများ၏ ဦးတိုက်လျှောက်ထားတင်ပြချက်များအရ အမေရိကန် ဖက်ဒရယ်တရားသူကြီး အန်းဒေါ်နယ်လီသည် ကြားနာစစ်ဆေးမှု ပြုလုပ်ပြီးနောက် တရားဝင်ဗီဇာဖြင့် ဆိုက်ရောက်လာသူများအား အရေးပေါ်တည်းခိုနေထိုင်ခွင့်ပေးရန် ဆုံးဖြတ်ခဲ့သည်။

**ရိုက်တာ။**




# တရုတ်ကမ္ဘာလှည့်ခရီးသည်များ လိုက်ပါလာသည့် မော်တော်ဘုတ်တစ်စင်း ဘော်နီယိုကျွန်း ကမ်းလွန်၌ နစ်မြုပ်မှုဖြစ်ပွား

ကွာလာလမ်ပူ ဇန်နဝါရီ ၂၉
ဘော်နီယို ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်သွားသော မော်တော်ဘုတ်တစ်စင်းနှင့်အတူ လိုက်ပါလာခဲ့သည့် တရုတ်လူမျိုး ကမ္ဘာလှည့်ခရီးသည် ၂၈ ဦး အပါအဝင် လူ ၃၁ ဦးကို ကယ်တင်နိုင်ရန် မလေးရှားရေတပ်သင်္ဘောများက ကြိုးပမ်းလျက်ရှိကြောင်း တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မလေးရှားနိုင်ငံ အရှေ့ပိုင်း ဆာဘားပြည်နယ်မြို့တော် ကိုတာ ကီနာဘာလူမှ ဇန်နဝါရီ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်တွင် ထွက်ခွာသွားခဲ့သော မော်တော်ဘုတ်သည် ကမ္ဘာလှည့်ခရီးသည်များ အရောက်အပေါက်များသော မင်ဂါလမ်ကျွန်းသို့ ခုတ်မောင်းစဉ် ဘော်နီယိုကျွန်းကမ်းလွန်တွင် နစ်မြုပ်ခဲ့သည်။

တရုတ်လူမျိုးခရီးသည် ၂၈ ဦးနှင့် ရေယာဉ်ဝန်ထမ်းသုံးဦးလိုက်ပါလာသော အဆိုပါမော်တော်ဘုတ် ပျောက်ဆုံးနေသည်ဟု ဒေသစံတော်ချိန် ည ၉ နာရီ မိနစ် ၅၀ ခန့်တွင် သတင်းရရှိခဲ့ကြောင်း၊ ရှာဖွေရေးလုပ်ငန်းကို ချက်ချင်းစတင်ခဲ့ကြောင်း၊ ဆာဘားနှင့် လာဘွန် ပင်လယ်ရေကြောင်း လုံခြုံရေးအေဂျင်စီ ဒုတိယညွှန်ကြားရေးမှူး ရာမင် ရာမလီက ပြောသည်။

ရာသီဥတုဆိုးရွားနေမှုကြောင့် ရှာဖွေရေးလုပ်ငန်းမှာ အခက်အခဲများနှင့် တွေ့ကြုံရကြောင်း၊ လေပြင်းတိုက်ခတ်မှုများရှိနေသည့်ကြားမှ ကြိုးပမ်းရှာဖွေလျက်ရှိကြောင်း၊ မလေးရှားရေတပ်၊ ပင်လယ်ရေကြောင်းရဲတပ်ဖွဲ့နှင့် လေတပ်တို့က ရှာဖွေရေးစစ်ဆင်မှုလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရာမလီက ပြောကြားသည်။ ဆင်ဟွာ။

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်ဟာ သမ္မတတာဝန်စယူပြီဆိုတာနဲ့ စစချင်းဆောက်နဲ့ထွင်းဆိုသလို အမေရိကန်နိုင်ငံထဲ ဒုက္ခသည်တွေဝင်ရောက်ခွင့်ကို အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ပိတ်ပင်တားမြစ်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်လ်ထရန့်ရဲ့ ဒီအုပ်ချုပ်ရေးအမိန့်ကို လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတွေက ဝိုင်းဝန်းဝေဖန်တိုက်ခိုက်ကြတာကတော့ အံ့သြစရာမရှိပါဘူး။ အခု ဒီအုပ်ချုပ်ရေးအမိန့်ရဲ့ အဓိကအချက်တချို့ကို ကြည့်ရအောင်ပါ။ အမေရိကန်နိုင်ငံထဲ ဒုက္ခသည်တွေ ဝင်ရောက်ခွင့်ပြုတဲ့ အစီအစဉ် (US Refugee Admission Programme) ကို ရက်ပေါင်း ၁၂၀ တိတိ ဆိုင်းငံ့ခဲ့ပါတယ်။ ဆီးရီးယားဒုက္ခသည်တွေကိုတော့ ရက်အကန့်အသတ်မရှိ ပိတ်ပင်ခဲ့ပါတယ်။ မူဆလင်ဘာသာဝင်အများစုနေထိုင်ရာ နိုင်ငံခုနစ်နိုင်ငံက ပြည်သူတွေ အမေရိကန်နိုင်ငံထဲ ဝင်ရောက်ခွင့်ကိုလည်း ရက်ပေါင်း ၉၀အထိ ရပ်ဆိုင်းခဲ့ပါတယ်။ ဒီနိုင်ငံတွေကတော့ အီရန်၊ ဆီးရီးယား၊ အီရတ်၊ လစ်ဗျား၊ ဆိုမာလီးယား၊ ဆူဒန်နဲ့ ယီမင်တို့ပါ။ ဒီပိတ်ပင်မှုတွေထဲမှာ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ သံတမန်တွေမပါဝင်ကြဘူး။ သမ္မတဒေါ်နယ်လ်ထရန့်ရဲ့ အစီအစဉ်မှာ ဆီးရီးယားနိုင်ငံက ခရစ်ယာန်တွေလို ဖိနှိပ်ခံနေရတဲ့ဒုက္ခသည်တွေကို ဦးစားပေးမယ်လို့ ဆိုထားပါတယ်။ ဒီအချက်ကိုကြည့်ရင်ကိုပဲ ကိုးကွယ်ယုံကြည်ရာ ဘာသာအပေါ် မူတည်ပြီး ခွဲခြားဖိနှိပ်ခြင်းမပြုရဆိုတဲ့ အခြေခံမူအပေါ် သမ္မတဒေါ်နယ်လ်ထရန့်ရဲ့ခံယူချက်ကို ရှင်းရှင်းကြီးမြင်ရမှာပါ။ ၂၀၁၇ ခုနှစ်မှာ အမေရိကန်နိုင်ငံက အများဆုံးလက်ခံမယ့် ဒုက္ခသည် အရေအတွက်ကို ၅၀၀၀၀ အထိ လျှော့ချခဲ့ပါတယ်။ နုတ်ထွက်သွားတဲ့ သမ္မတအိုဘားမားက ဒီအရေအတွက်ကို ၁၁၀၀၀၀ အထိ သတ်မှတ်ခဲ့တာပါ။ ဒီအုပ်ချုပ်ရေးအမိန့်မှာ အင်တာဗျူးမလုပ်ဘဲ ဗီဇာထုတ်ပေးခွင့်ကိုလည်း ရပ်ဆိုင်းခဲ့ပါတယ်။

ဒေါ်နယ်လ်ထရန့်ကတော့ သူ့ရဲ့အစီအစဉ်ဟာ အစိုးရအေဂျင်စီတွေကို ပိုမိုတင်းကျပ်တဲ့ စိစစ်ရေးစနစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းနိုင်ဖို့ အချိန်ဖန်တီးပေးမယ်လို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ဒေါ်နယ်လ်ထရန့်ရဲ့ရည်ရွယ်ချက်က အမေရိကန်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်ထိပါးနိုင်တဲ့ပုဂ္ဂိုလ်တွေကို ဗီဇာထုတ်ပေးတာမျိုး မဖြစ်ဖို့လို့ ဆိုပါတယ်။ ဒါပေမယ့် ဒေါ်နယ်လ်ထရန့်က အစိုးရအေဂျင်စီတွေအနေနဲ့ ဘယ်လိုအစီအစဉ်တွေ ဆောင်ရွက်မယ်ဆိုတာကို တိတိကျကျ ထုတ်ဖော်မပြောဆိုပါဘူး။ ဒေါ်နယ်လ်ထရန့်ရဲ့ ကိုယ်ပိုင်လုပ်နည်းလုပ်ဟန်လို့ပဲ ရွှဲ့တဲ့တဲ့ ပြောရမှာပါ။ ပြည်တွင်းစစ်ရဲ့ဒဏ်ကို ခါးစည်းခံနေရတဲ့ ဆီးရီးယားဒုက္ခသည်တွေအဖို့ အမေရိကန်နိုင်ငံမှာ အခြေခံနေထိုင်ခွင့်ရဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့ အိပ်မက်လို့ပဲ ပြောရမှာပါ။ အမေရိကန်ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားတဲ့ ဆီးရီးယားဒုက္ခသည်တွေကိုစိစစ်တဲ့ လုပ်ငန်းစဉ်ကိုက ၁၈လကနေ ၂၄ လအထိ ကြာမြင့်မှာပါ။ ဒေါ်နယ်လ်ထရန့် က သူ့ရဲ့အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာရာမှာ ၉/၁၁ တိုက်ခိုက်မှုကို ရည်ညွှန်းပြောဆိုသွားပါတယ်။ ဒါပေမယ့် ၉/၁၁ တိုက်ခိုက်မှုကို ကျူးလွန်ခဲ့တဲ့ အကြမ်းဖက် သမား ၁၉ ဦးထဲမှာ အခုဒေါ်နယ်လ်ထရန့် ပိတ်ပင်လိုက်တဲ့ မူဆလင်နိုင်ငံ ခုနစ်နိုင်ငံရဲ့ နိုင်ငံသားတစ်ဦးမှ မပါဝင်ပါဘူး။ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ ဒီအုပ်ချုပ်ရေးအမိန့်ထဲမှာ မရှင်းမရှင်း အချက်တွေလည်းရှိနေပါတယ်။ အမေရိကန်နိုင်ငံမှာ အမြဲတမ်းအခြေချနေထိုင်ခွင့်လက်မှတ် (Green Cards) ရထားတဲ့ပုဂ္ဂိုလ်အပေါ် ဒီအုပ်ချုပ်ရေး အမိန့်က ဘယ်လိုအကျိုးသက်ရောက်မလဲဆိုတာက ရှင်းရှင်းလင်းလင်း မရှိပါဘူး။ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းတွေကတော့ ဒီလိုပုဂ္ဂိုလ်တွေအနေနဲ့ ပြည်ပကိုထွက်ခွာ တာပဲဖြစ်ဖြစ်၊ ပြည်တွင်းကို ပြန်ဝင်တာပဲဖြစ်ဖြစ် လူဝင်မှုကြီးကြပ်ရေးရှေ့နေတွေနဲ့ တိုင်ပင်ကြဖို့ တိုက်တွန်း နှိုးဆော်နေကြပါတယ်။ သေချာတာကတော့ သမ္မတ ဒေါ်နယ်လ်ထရန့်ရဲ့ ဒီအုပ်ချုပ်ရေးအမိန့်ကြောင့် ကမ္ဘာတစ်လွှားအမေရိကန်ဗီဇာရရှိဖို့ ပိုကြန့်ကြာသွားမှာပါ။

သမ္မတဒေါ်နယ်လ်ထရန့်ရဲ့ ဒီအုပ်ချုပ်ရေးအမိန့်ကြောင့် နောက်ဆက်တွဲ ဖြစ်လာတာကတော့ အမေရိကန်နိုင်ငံကို ရောက်ရှိလာတဲ့ မူဆလင်ဒုက္ခသည်တွေကို အမေရိကန်လေဆိပ်တွေမှာ ထိန်းသိမ်းဖမ်းဆီးခဲ့တာပါ။ အခုလောလောဆယ် နယူးယောက်မြို့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှာ မူဆလင်ဒုက္ခသည် ၁၁ ဦးကို ထိန်းသိမ်းဖမ်းဆီးထားပါတယ်။ ဆန္ဒပြသူတွေက ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှာ ထိန်းသိမ်းဖမ်းဆီးထားတဲ့ ဒုက္ခသည်တွေကို ပြန်လွှတ်ပေးဖို့ ဆန္ဒပြတောင်းဆိုနေကြပါတယ်။ ဒေါ်နယ်လ်ထရန့်က သူထုတ်ပြန်ခဲ့တဲ့ အုပ်ချုပ်ရေးအမိန့်ဟာ မူဆလင်တွေကိုရည်ရွယ်ပိတ်ပင်တာ မဟုတ်ပါဘူးလို့ ရှင်းတော့ ဘယ်လို နားလည်ရမှာလဲ ဒေါ်နယ်လ်ထရန့်လို့ပဲ မေးရမလိုဖြစ်နေပါတယ်။ ဒီလိုရှင်းလင်းပြောဆိုနေပေမယ့် တစ်ဖက်မှာ တော့ သူ့ရည်ရွယ်ချက်ကို ဗြောင်ပဲထုတ်ဖော်ပြောဆိုပါတယ်။ ဒေါ်နယ်လ်ထရန့်က "ကျွန်တော်တို့ဟာ အင်မတိ အင်မတန်တင်းကျပ်တဲ့ ပိတ်ပင်မှုတစ်ရပ်ကို ပြဋ္ဌာန်းတော့မှာပါ။ ကျွန်တော်တို့ဟာ တင်းကျပ်ရာမှာ စံထားရမယ့်စိစစ်ရေးစနစ်တစ်ရပ်ကိုလည်း ချမှတ်ဆောင်ရွက်သွားမှာပါ။ ကျွန်တော်တို့နိုင်ငံမှာ ဒီလိုစနစ်မျိုးတွေက လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့ရမှာပါ"ဆိုပြီး ပြောဆိုခဲ့တာပါ။

တကယ်ကတော့ ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှာ ထိန်းသိမ်းထားတဲ့ပုဂ္ဂိုလ် ၁၁ ဦးဟာ သမ္မတဒေါ်နယ်လ်ထရန့်က ဒီအုပ်ချုပ်ရေးအမိန့်လက်မှတ်ထိုးလိုက်တဲ့ အချိန်မှာ အမေရိကန်နိုင်ငံကို ဦးတည်ပျံသန်းလာတဲ့ လေယာဉ်ပျံတွေပေါ် ရောက်နေကြပါပြီ။ ဒါပေမယ့် ဒေါ်နယ်လ်ထရန့်ရဲ့ အုပ်ချုပ်ရေးအမိန့်သြဇာသက်ရောက်မှုဟာ ကျယ်ပြန့်လွန်းတော့ ဒုက္ခခံစားရမယ့် ကမ္ဘာ့နိုင်ငံအနှံ့အပြားကပြည်သူအရေအတွက်ဟာ နည်းမှာမဟုတ်ပါဘူး။ ဇန်နဝါရီလ ၂၈ ရက်နေ့က ကိုင်ရိုလေဆိပ်မှာ အီရတ်ခရီးသည်ငါးဦးနဲ့ ယီမင်လူမျိုးတစ်ဦးတို့ကို နယူးယောက်ကို ပျံသန်းမယ့် လေယာဉ်ပျံပေါ် တက်ခွင့်ပိတ်ပင်ခံခဲ့ရပါတယ်။ ဒတ်ချ်လေကြောင်းလိုင်း KLM ကလည်း သူတို့ဟာ အမေရိကန်နိုင်ငံကိုသွားဖို့ ကြိုတင်လက်မှတ်ဝယ်ထားတဲ့ ခရီးသည် ခုနစ်ဦးကို ဒီအုပ်ချုပ်ရေးအမိန့်ကြောင့် ငြင်းပယ်ခဲ့ရပါတယ်လို့ ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ ဒီအုပ်ချုပ်ရေးအမိန့်ဟာ နိုင်ငံနှစ်နိုင်ငံရဲ့ နိုင်ငံသားခံယူထားသူတွေကို ထိခိုက်နစ်နာစေတာပါ။ ဥပမာအနေနဲ့ ပြောရရင် ဗြိတိန်နိုင်ငံသား အဖြစ်ခံယူထားတဲ့ အီရန်နိုင်ငံသားတစ်ဦးဟာ အမေရိကန်နိုင်ငံထဲဝင်ရောက်ခွင့် ငြင်းပယ်ခံခဲ့ရပါတယ်။ အုပ်ချုပ်ရေးအရာရှိတစ်ဦးရဲ့ ပြောဆိုချက်အရ အမေရိကန်နိုင်ငံမှာ အမြဲတမ်းနေထိုင်ခွင့်လက်မှတ် (Green Card) ကိုင်ထားတဲ့ ပုဂ္ဂိုလ်တွေကိုပါ ထိခိုက်မယ့် သဘောဖြစ်နေပါတယ်။ ပြည်ပရောက်နေတဲ့ဒီလိုပုဂ္ဂိုလ်တွေ အမေရိကန်နိုင်ငံထဲပြန်ဝင်လာတဲ့အခါ တစ်ဦးချင်းစိစစ်ပြီးမှ လက်ခံမယ့်သဘောမျိုးဖြစ်နေပါတယ်။

အမျိုးသားလူဝင်မှုကြီးကြပ်ရေးစင်တာ (National Immigration Law Centre(NILC) နဲ့ အမေရိကန်ပြည်သူ့အခွင့်အရေးအဖွဲ့ချုပ် (American Civil Liberties Union(ACLU) တွေ အပါအဝင် လူ့အခွင့်အရေးအဖွဲ့တွေဟာ နယူးယောက်မှာ ထိန်းသိမ်းထားတဲ့ အီရတ်လူမျိုးနှစ်ဦးကို ပြန်လွှတ်ပေးဖို့ တရားစွဲဆိုထားပါတယ်။ ဒီအီရတ်လူမျိုးနှစ်ဦးဟာ ဒေါ်နယ်လ်ထရန့် အုပ်ချုပ်ရေးအမိန့် လက်မှတ်ရေးထိုးတဲ့အချိန်မှာ အမေရိကန်နိုင်ငံဆီပျံသန်းလာတဲ့ လေယာဉ်ပျံပေါ်မှာ ခရီးသည်တွေအဖြစ် ပါလာပါပြီ။ သူတို့နှစ်ဦးထဲက အမေရိကန်စစ်တပ်စကားပြန် ဟာနီးခါလစ်ဒါဝီးယက်ရှ်ကိုတော့ ဇန်နဝါရီလ ၂၈ ရက် မွန်းလွဲပိုင်းမှာပြန်လွှတ်ပေးခဲ့ပါတယ်။ ကျန်တစ်ယောက်ကိုတော့ ခုချိန်ထိ ဆက်လက်ထိန်းသိမ်းထားဆဲပါ။ နယူးယောက် အောက်လွှတ်တော်အမတ် ဂျယ်ရီနက်လာဟာ လုပ်ဖော်ကိုင်ဖက် ဒီမိုကရက်တစ် အောက်လွှတ်တော်အမတ် နဒီယာဗလက်(ဇ)ကက်(ဇ) နဲ့အတူ လက်တွဲပြီး ဂျွန်အက်ဖ်ကနေဒီလေဆိပ်မှာ ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်တဲ့ ပုဂ္ဂိုလ် ၁၁ ဦး လွှတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြပါတယ်။ လွတ်မြောက်သွားတဲ့ ဟာနီးခါလစ်ဒါဝီးယက်ရှ်အတွက် ရှေ့နေအဖြစ် ဆောင်ရွက်ခဲ့တဲ့ မာ့ခ်ဒေ့ါ(စ)က "ဒီကိစ္စကတော့ တရားမဝင်ထိန်းသိမ်းထားတယ်ဆိုတာက အင်မတန်ကိုထင်ရှားပါတယ်။ ဒါက ဒေါ်နယ်လ်ထရန့်ရဲ့ ဖိနှိပ်ခွဲခြားရေးအမိန့်ပါပဲ။ ကျွန်တော်တို့ကတော့ တရားမဝင် ထိန်းသိမ်းထားတဲ့ ဒုက္ခသည်တွေနဲ့ နိုင်ငံရွှေ့ပြောင်းပုဂ္ဂိုလ်တွေ အပါအဝင် အမေရိကန်နိုင်ငံထဲ ဝင်ရောက်ကြမယ့် ပုဂ္ဂိုလ်တွေအားလုံး လွတ်မြောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြမှာ"လို့ ပြောဆိုခဲ့ပါတယ်။

အမေရိကန်-အစ္စလာမ်ဆက်ဆံရေးကောင်စီကတော့ အမြဲတမ်းနေထိုင်ခွင့်လက်မှတ် (Green Card) ကိုင်ထားတဲ့ ပုဂ္ဂိုလ်တွေအပါအဝင် အမေရိကန်နိုင်ငံသားမဟုတ်တဲ့ တားမြစ်ပိတ်ပင်ခံနိုင်ငံ ခုနစ်နိုင်ငံက ပုဂ္ဂိုလ်တွေကို အနည်းဆုံး ရက်ပေါင်း ၉၀ အထိ ပြည်ပခရီးမသွားကြဖို့ အကြံပြုထားပါတယ်။ သမ္မတ ဒေါ်နယ်လ်ထရန့် က သူ့ရဲ့ အုပ်ချုပ်ရေးအမိန့်ဟာ အစွန်းရောက် အကြမ်းဖက်သမားတွေ အမေရိကန်နိုင်ငံထဲ ဝင်ရောက်မလာနိုင်အောင် ထုတ်ပြန်တာဆိုပေမယ့် လက်တွေ့မှာ ဆီးရီးယားဒုက္ခသည်တွေနဲ့ အစွန်းရောက်အကြမ်းဖက်သမားတွေကြား အဆက်အစပ်ရှိတယ်ဆိုတဲ့ သက်သေအထောက်အထားလုံးဝမရှိပါဘူး။ ၂၀၁၆ ခုနှစ် ဇွန်လက အော်လန်ဒိုမြို့မှာရှိတဲ့ ဂေးနိုက်ကလပ်မှာ ပြည်သူ ၅၀ ကို သတ်ဖြတ်ခဲ့တဲ့ အစွန်းရောက် အကြမ်းဖက်သမားဟာ အာဖဂန်လူမျိုးမိဘနှစ်ပါးကမွေးဖွားတဲ့ အမေရိကန်နိုင်ငံသားပါ ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဘာနာဒီနိုမှာ ပြည်သူ ၁၄ ဦးကို သတ်ခဲ့တဲ့ အစွန်းရောက် အကြမ်းဖက်သမားနှစ်ဦးဟာ အမေရိကန်နိုင်ငံသားတစ်ဦးနဲ့ ပါကစ္စတန်နိုင်ငံသားတစ်ဦးပါ။ ဘော့စတွန် မာရသွန်ပြေးပွဲ အကြမ်းဖက်သမားနှစ်ဦးက ရုရှားနိုင်ငံရဲ့ ချက်ချင်း (Checchen) နွယ်ဖွားတွေပါ။ နောက်ဆုံးထွက်ပေါ်လာတဲ့ ဝမ်းသာစရာသတင်းကတော့ အမေရိကန်ခရိုင် တရားသူကြီး အန်ဒွန်နယ်လီက တရားဝင်ဗီဇာရရှိထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တရားဝင်ဒုက္ခသည်တွေအဖြစ် အသိအမှတ် ပြုခံထားရတဲ့ ပုဂ္ဂိုလ်တွေအပါအဝင် အမေရိကန်နိုင်ငံထဲ တရားဝင်ဝင်ရောက်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကို အမေရိကန် နိုင်ငံကနေ ပြန်နှင်ထုတ်ပိုင်ခွင့်ကို ယာယီပိတ်ပင်လိုက်ပါပြီ။ နိုင်ငံရွှေ့ပြောင်းပုဂ္ဂိုလ်များ အခွင့်အရေးစီမံကိန်းဥပဒေရေးရာ လက်ထောက်ညွှန်ကြားရေးမှူး လီးဂလန့်(ထ)က "လိုတိုရှင်းပြောရရင် တရားသူကြီးက အစိုးရဘာလုပ်ချင်နေတယ်ဆိုတာကို သဘောပေါက်ပြီး ကျွန်တော်တို့တောင်းဆိုနေတာကို ခွင့်ပြုပေးလိုက်တာပါ။ ကျွန်တော်တို့တောင်းဆိုတယ်ဆိုတာက ထရန့်ရဲ့အမိန့်ကို ဟန့်တားဖို့ပါ။ ဒေါ်နယ်လ်ထရန့်အမိန့်နဲ့ နိုင်ငံအနှံ့ ထိန်းသိမ်းထားတဲ့ ပုဂ္ဂိုလ်တွေကို ဒေါ်နယ်လ်ထရန့်အစိုးရအဖွဲ့က နှင်ထုတ်တာကို ပိတ်ပင်ဖို့ပါ" ဆိုပြီး ရှင်းလင်းပြောဆိုခဲ့ပါတယ်။ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံထဲ ဝင်ရောက်လာစဉ် ဖမ်းဆီးထားတဲ့ ပုဂ္ဂိုလ် ၁၀၀ ကနေ ၂၀၀ အထိ ရှိနိုင်တယ်လို့ ခန့်မှန်းပြောဆိုကြပါတယ်။ ကမ္ဘာကြီးမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတွေကို ခြိမ်းခြောက်လာမယ်ဆိုရင် ကမ္ဘာ့ပြည်သူတိုင်းမှာ ဟန့်တားကာကွယ်ဖို့ တာဝန်ရှိတယ်လို့ဆိုချင်ပါတယ်။




ဒေါ်နယ်လ်ထရန့်က ဒုက္ခသည်တွေကို အမေရိကန်နိုင်ငံထဲ ပေးဝင်မလိုပုံစံမျိုး ပိုက်ကွန်ထဲခုန်ဝင်ခိုင်းပြီးဖမ်းနေတယ်လို့ သရော်ထားတာပါ။

# ပြည်တွင်းသုံး ငွေကြေးတန်ဖိုးကျဆင်းမှု

## စောနိုင်(အသုံးချဘောဂဗေဒ)

ပြည်တွင်းသုံးငွေကြေးတန်ဖိုးကျဆင်းသည့် အခြေအနေမျိုးကို ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း ကြုံတွေ့ဖူးသည်။ ထိုအခြေအနေမျိုးမှာ ငွေကြေး၏ ဝယ်နိုင်စွမ်းအားကျဆင်းခြင်းဖြစ်သဖြင့် ယေဘုယျအားဖြင့် ကောင်းမွန်သည့်အခြေအနေဟု ဆိုကြမည်မဟုတ်ပေ။ အထူးသဖြင့် သက်ဆိုင်ရာ နိုင်ငံနယ်နိမိတ်အတွင်းရှိ နိုင်ငံသားများမှာ ၎င်းတို့ လက်ထဲရှိ ပြည်တွင်းသုံး ငွေကြေးပမာဏဖြင့်ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူနိုင်သည့်ပမာဏ လျော့နည်းသွားသောကြောင့် နှစ်သက်မှုမရှိ။ ထိုအခြေအနေကြောင့်ပင် ဈေးကွက်ထဲ၌ ဈေးနှုန်းများကြီးမြင့်ခြင်းကို ကြုံတွေ့လာကြသဖြင့် နေ့စဉ်စားဝတ်နေမှုမှစ၍ စီးပွားရေးနှင့် ပတ်သက်သည့်လုပ်ဆောင်မှုများတွင် အခက်အခဲရှိလာသည်ကိုလည်း ကြုံတွေ့ကြရသည်။

သို့သော် ပြည်တွင်းစားသုံးသူတို့ အခက်အခဲဖြစ်စေသော ပြည်တွင်းသုံးငွေကြေးတန်ဖိုး၏ ကျဆင်းမှုသည် နိုင်ငံတကာဈေးကွက်များနှင့်ချိတ်ဆက်၍ ကုန်သွယ်မှုပြုလုပ်နေကြသော ပို့ကုန်သမားများအတွက်မှာမူ အခြေအနေကောင်းများ ဖြစ်ပေါ်လာနိုင်စရာရှိလာသည်။ ငွေတန်ဖိုးကျဆင်းလာမှုကြောင့် နိုင်ငံတကာဈေးကွက်များထဲသို့ ၎င်းတို့ တင်ပို့ရောင်းချနေသည့် ကုန်စည်ဈေးနှုန်းများ ကျဆင်းလာပြီး နိုင်ငံတကာဈေးကွက်များထဲမှ ၎င်းတို့ ပို့ကုန်ဝယ်သူများအတွက်လည်း ဈေးနှုန်းသက်သာလာစေသည်။ ထိုသို့ဈေးနှုန်းသက်သာမှုသည် ပို့ကုန်များ၏ ဈေးနှုန်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာစေပြီး နိုင်ငံ၏ပို့ကုန်ကဏ္ဍအတွက် အနာဂတ်အလားအလာကောင်းများ ဖြစ်ပေါ်လာနိုင်ခြင်းဖြစ်သည်။ ထို့ကဲ့သို့သော အတွေ့အကြုံများအရ ပြည်တွင်း ငွေကြေးတန်ဖိုးကျဆင်ခြင်းသည် ပို့ကုန်သမားများအတွက် ကောင်းမွန်သည့် အခွင့်အလမ်းများဖန်တီးပေးလာနိုင်သည်ဟု ပြောနိုင်ခြင်းဖြစ်သည်။ သို့သော် ကုန်ထုတ်လုပ်မှုအားနည်းသော၊ ပို့ကုန်ကဏ္ဍ ဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများသည် ပြည်တွင်းငွေတန်ဖိုးကျဆင်းခြင်းမှရရှိလာသော အခွင့်အလမ်းကောင်းများကို ပြည့်ပြည့်ဝဝခံစားရနိုင်မည်မဟုတ်ပေ။

ထို့ကြောင့် ပြည်တွင်းသုံးငွေကြေးတန်ဖိုးကျဆင်းမှုသည် ဆိုးကျိုးသက်ရောက်မှုများရှိသကဲ့သို့ ကောင်းကျိုးအခြေအနေများလည်း ရရှိနိုင်သဖြင့် နိုင်ငံအစိုးရများသည် ငွေတန်ဖိုးကျဆင်းမှုအပေါ်တွင် အလေးထားစဉ်းစား၍ စီမံဆောင်ရွက်လေ့ရှိကြသည်။ နိုင်ငံတစ်နိုင်ငံ၏ငွေကြေးတန်ဖိုးကျဆင်းမှုတွင် ပြည်တွင်းတန်ဖိုးကျဆင်းခြင်းနှင့် ပြည်ပတန်ဖိုးကျဆင်းခြင်းဟူ၍ ရှိသည်ကိုတွေ့ရသည်။ ပြည်တွင်းတန်ဖိုး ကျဆင်းခြင်းဆိုသည်မှာ စီးပွားရေးအဆောက်အအုံအတွင်းရှိ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူရာ၌ ငွေကြေး၏ဝယ်ယူနိုင်စွမ်း (Purchasing Power) ကျဆင်းသွားခြင်းဖြစ်သည်။ ပြည်တွင်းငွေကြေးပမာဏကို အသုံးပြု၍ ဝယ်ယူရာတွင် ယခင်ရရှိနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုပမာဏအတွက် ယခင်ကထက် ပိုမိုသောငွေကြေးပမာဏကို အသုံးပြုရခြင်း (သို့မဟုတ်) ယခင်က ပေးရသည့် ငွေကြေးပမာဏဖြင့် ယခင်ကကဲ့သို့ တူညီသော ကုန်စည်ပမာဏမရရှိခြင်း (သို့မဟုတ်) ယခင်ကထက် အရည်အသွေးလျော့နည်းပါး ဝန်ဆောင်မှုကိုရရှိခြင်းတို့ဖြစ်လာသည်။ ငွေကြေးတစ်ရပ်၏ ပြည်တွင်းတန်ဖိုးသည် ပြည်တွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းနှင့် ဆက်စပ်မှုရှိသည်။ ဘောဂဗေဒဘာသာရပ် ဝေါဟာရအားဖြင့် အထွေထွေကုန်ဈေးနှုန်းအဆင့် (General Price Level) ဟု ခေါ်သည့် စီးပွားရေးအဆောက်အအုံထဲရှိ ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးမျိုးတို့၏ ဈေးနှုန်းအသီးသီး မြင့်တက်မှုများဖြစ်လာနေပါက ထိုစီးပွားရေးအဆောက်အအုံထဲတွင် အသုံးပြုနေသည့် ငွေကြေး၏တန်ဖိုး၊ တစ်နည်းအားဖြင့် ပြည်တွင်းတန်ဖိုးကျဆင်းလာနေသည်ဟု ဆိုနိုင်သည်။ ထိုအခြေအနေကိုငွေကြေးဖောင်းပွခြင်းဟုလည်းခေါ်သည်။

ပြည်ပတန်ဖိုးကျဆင်းခြင်းဆိုသည်မှာ ပြည်တွင်းငွေကြေးကို အသုံးပြု၍ ပြည်ပမှ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်ယူနိုင်သည့်စွမ်းအားကျဆင်းခြင်းဖြစ်သည်။ ပြည်ပမှကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများဝယ်ယူရာတွင် ပြည်တွင်းငွေကြေးကို သက်ဆိုင်ရာနိုင်ငံ၏ ငွေကြေးအဖြစ်သို့ ဖလှယ်ပြီးမှ ဝယ်ယူရသဖြင့် ပြည်ပမှ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုဈေးနှုန်းသည် နိုင်ငံခြားငွေလဲလှယ်နှုန်းအပေါ် မူတည်လျက်ရှိသည်။ ထို့ကြောင့် ငွေကြေးတစ်ရပ်၏ ပြည်ပတန်ဖိုး အတက်အကျအခြေအနေကို ငွေလဲလှယ်နှုန်းကိုလေ့လာ၍ အကဲခတ်နိုင်ခြင်းဖြစ်သည်။ ပြည်တွင်းငွေကြေးဖြင့် နိုင်ငံခြားငွေကြေးတစ်ရပ်ကို လဲလှယ်ရာတွင် ယခင်က အသုံးပြုပေးချေရသည့်ပမာဏထက် ပိုမိုပေးချေရလျှင် ထိုငွေကြေး၏ ပြည်ပတန်ဖိုးကျဆင်းနေပြီဟု ဆိုရမည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းသုံး ကျပ်ငွေ၏ ပြည်ပတန်ဖိုးမှာ ကျပ် -ဒေါ်လာလဲလှယ်နှုန်းအပေါ် မူတည်သည်။ ဥပမာ ယခင်က တစ်ဒေါ်လာရရှိရန်အတွက် မြန်မာကျပ်ငွေ ၁၀၀၀ ဝန်းကျင် ပမာဏဖြင့် လဲလှယ်ရနိုင်သော်လည်း ယခုအချိန်တွင် ထိုပမာဏထက်ပိုမို၍ ကျပ် ၁၃၀၀ ကျော်ပေးနေရလျှင် ပြည်ပတန်ဖိုးကျဆင်းနေသည်ဟု ဆိုနိုင်သည်။ ငွေကြေးတစ်ရပ်၏ ပြည်ပတန်ဖိုးသည် ငွေလဲလှယ်နှုန်းစနစ်၊ ငွေလဲလှယ်နှုန်းတို့အပေါ်တွင် မူတည်လျက်ရှိသည်။ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ယခင်ကျင့်သုံးဖူးသည့်အထူးငွေထုတ်ခွင့် ( Special Drawing Rights-SDRs)နှုန်း၊ ဝယ်နိုင်စွမ်းအားညီမျှကိန်း(Purchasing Power Parity-PPP)နှင့် သည်အီကော်နော်မစ် (The Economist)စီးပွားရေးဆိုင်ရာ မဂ္ဂဇင်းကြီးက အသုံးပြုသည့် ဘစ်ဂ်မက်စ်အင်းဒက်စ်( Big Mac Index)တို့သည်လည်း ငွေကြေးတစ်ရပ်၏ ပြင်ပတန်ဖိုးကို တွက်ချက်ပေးနိုင်သည့် အတိုင်းအတာနည်းလမ်းများဖြစ်သည်။

မြန်မာ့စီးပွားရေးအဆောက်အအုံထဲတွင် ပြည်တွင်းသုံး ကျပ်ငွေသည် (နိုင်ငံတကာတွင် အဓိက အသုံးပြုများသည့်ငွေမှာ)ဒေါ်လာနှင့်လဲလှယ်ရာတွင် တန်ဖိုးကျဆင်းလျက်ရှိသဖြင့် ပြည်ပတန်ဖိုးကျဆင်းနေသည်။ ကျပ်-ဒေါ်လာငွေလဲလှယ်နှုန်း မြင့်တက်နေမှုကြောင့် သွင်းကုန်ပစ္စည်းများမှာလည်း ဈေးနှုန်းများ မြင့်တက်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် ကျပ်ငွေ၏ ပြည်တွင်းရှိ ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဝယ်နိုင်စွမ်းအားမှာလည်း ကျဆင်းလျက်ရှိရာ ပြည်တွင်းတန်ဖိုးမှာလည်း ကျဆင်းလျက်ရှိသည်။ ထို့ကြောင့် မြန်မာ့စီးပွားရေးအဆောက်အအုံထဲရှိ ဈေးကွက်အင်အားစုများ (ထုတ်လုပ်ရောင်းချသူ၊ ဝယ်ယူစားသုံးသူအားလုံး)သည် ကျပ်ငွေ၏ ပြည်တွင်းတန်ဖိုးသာမက ပြည်ပတန်ဖိုး၏ ကျဆင်းမှုကိုပါ တစ်ပြိုင်နက်ခံစားနေကြရသည်။ သက်ဆိုင်ရာ တာဝန်ရှိဌာနများ၊ အဖွဲ့အစည်းများသည် ကျပ်ငွေ၏ ပြည်ပတန်ဖိုးကျဆင်းမှုကို ထိန်းကျောင်းဆောင်ရွက်နိုင်ရန်အတွက် ငွေလဲလှယ်နှုန်းတွင် ကျပ်ငွေတန်ဖိုး အလွန်အမင်းကျဆင်းနေခြင်းကို နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ထိန်းကျောင်းလျက်ရှိရာ အကျိုးသက်ရောက်မှုများကို တွေ့မြင်နေရပြီဖြစ်သည်။ သို့သော် လတ်တလော ခဏတာပြေလည်မှုမျိုး မဟုတ်ဘဲ အချိန်ကာလတစ်လျှောက် ငွေလဲလှယ်နှုန်းသဘာဝကျကျပြောင်းလဲဖြစ်ပေါ်မှုအတွက်မှာမူ အင်စတီကျူးရှင်းများစွာဖြင့် အချိတ်အဆက်မိမိ အဆက်မပြတ်အားထုတ်နိုင်မှသာ သေချာနိုင်မည်ဖြစ်သည်။

ထိုသို့ ပြည်ပတန်ဖိုး အလွန်အမင်းကျဆင်းနေမှုကို ထိန်းကျောင်းဆောင်ရွက်နေသည့်အချိန်မှာပင် ငွေကြေး၏ ပြည်တွင်းတန်ဖိုးကျဆင်းနေမှုအတွက် အားထုတ်မှုများ ပြုလုပ်ရန်လိုသည်။ ပြည်တွင်းသုံးငွေ တန်ဖိုးမြင့်တက်လာရေး အကြောင်းတရားများတွင် အခြေခံအကျဆုံးဖြစ်သည့် ပြည်တွင်းရှိ ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများအားလုံး ထုတ်လုပ်နိုင်စွမ်းမြင့်မားလာစေရေး၊ ထိုကဏ္ဍများကို အထောက်အကူပြုစေသည့် ပံ့ပိုးကဏ္ဍများအားကောင်းလာစေရန်လည်းကောင်း၊ ဝင်ရောက်လာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်တွင်းထုတ်လုပ်မှုကဏ္ဍများ အချိတ်အဆက်မိစွာ ထုတ်လုပ်နိုင်လျက် ပြည်တွင်း၊ ပြည်ပဈေးကွက်ဝေစုများ တိုးချဲ့ရေးအတွက် အချိန်ဇယားချစီမံချက်ရေးဆွဲဆောင်ရွက်ရန်လည်း လိုအပ်သည်။ နိုင်ငံသုံးငွေကြေးတစ်ရပ်၏ ပြည်တွင်းတန်ဖိုးနှင့် ပြည်ပတန်ဖိုး အခြေအနေနှစ်ရပ်စလုံး အားကောင်းခိုင်မာမှုမရှိသေးသည့် နိုင်ငံတစ်နိုင်ငံအတွင်း၌ ဈေးကွက်များ၊ ဈေးနှုန်းများသည် မကြာခဏဆိုသလို မငြိမ်သက်မှု ရှော့(ခ်)များ ကြုံတွေ့နေရတတ်သည်။

ယနေ့အချိန်အခါသည် မြန်မာနိုင်ငံအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ နိုင်ငံရပ်ခြား အကူအညီအထောက်အပံ့များကို နိုင်ငံ့ထုတ်လုပ်မှုစွမ်းအား တိုးတက်ရေးအခြေအနေကို ဦးတည်၍ ထိထိရောက်ရောက်အသုံးပြုဆောင်ရွက်ရမည့်အချိန်ဖြစ်သည်။ အစိုးရ၊ ငွေကြေးအရင်းအနှီးပိုင်ရှင်၊ ထုတ်လုပ်သူ၊ ကုန်သည်လုပ်ငန်းရှင်များအားလုံး ဝိုင်းဝန်းလုပ်ဆောင်ကြရမည့် အချိန်အခါဖြစ်နေသည်။ ယခုအချိန်မှစ၍ အားလုံးပါဝင်ဆွေးနွေးညှိနှိုင်း လုပ်ဆောင်နိုင်မှသာ ရှေ့အနာဂတ်ကာလများတွင် အစိုးရ၊ လုပ်ငန်းရှင်နှင့် နိုင်ငံသား (ပံ့ပိုးပေးသူ၊ ထုတ်လုပ်သူနှင့်စားသုံးသူ)များ အားလုံးအကျိုးဖြစ်ထွန်းမှုရလဒ်ကို မြင်တွေ့နိုင်မည်ဖြစ်မည်။

စားသုံးသူပြည်သူများ စားဝတ်နေမှုအတွက် အခက်အခဲအမျိုးမျိုးဖြစ်စေသော၊ ထုတ်လုပ်သူများ၊ ကုန်သည်များ အကျိုးအမြတ် မှန်းဆရခက်ခဲသော ပြည်တွင်းသုံးငွေတန်ဖိုး အလွန်အမင်းကျဆင်းမှုအန္တရာယ်မှ လျော့ပါးသက်သာစေရန်အတွက် ငွေကြေးပေါ်လစီ၊ ဘဏ္ဍာရေးပေါ်လစီ၊ ရင်းနှီးမြှုပ်နှံမှုပေါ်လစီ၊ ကုန်သွယ်မှုပေါ်လစီနှင့် အခြားဆက်စပ်မှုရှိသော ပေါ်လစီများကို ဟန်ချက်ညီစွာကျင့်သုံးနေမှုအောက်တွင် နိုင်ငံတွင်းရှိ ထုတ်လုပ်မှုကဏ္ဍများ(ကုန်စည်နှင့်ဝန်ဆောင်မှု) စွမ်းရည်မြင့်တက်လာစေရေး ဆောင်ရွက်မှုမှလွဲ၍ အခြားသော ဖြတ်လမ်းနည်းမရှိနိုင်ပေ။ ။

**ငွေကြေးတစ်ရပ်၏ ပြည်ပတန်ဖိုး အတက်အကျအခြေအနေကို ငွေလဲလှယ်နှုန်းကို လေ့လာ၍ အကဲခတ်နိုင်ခြင်းဖြစ်သည်။ ပြည်တွင်းငွေကြေးဖြင့် နိုင်ငံခြားငွေကြေးတစ်ရပ်ကို လဲလှယ်ရာတွင် ယခင်က အသုံးပြုပေးချေရသည့်ပမာဏထက် ပိုမိုပေးချေရလျှင် ထိုငွေကြေး၏ ပြည်ပတန်ဖိုးကျဆင်းနေပြီဟု ဆိုရမည်။**

# နိုင်ငံခြားသား ခရီးသွားဆွဲဆောင်မှုအနေဖြင့် တရုတ်နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ သံဃာအပါး တစ်ထောင်ကျော် ဆွမ်းလောင်းလှူ

**ရန်ကုန် ဇန်နဝါရီ ၂၉**

ယခုနှစ် တရုတ်ရိုးရာ နှစ်သစ်ကူးပွဲတော်နှင့်အတူ နိုင်ငံတကာ မြို့ပြများကဲ့သို့ နိုင်ငံခြားသားခရီးသွား ဆွဲဆောင်မှုအနေဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်ရိုးရာနှစ်သစ်ကူးပွဲ အထိမ်းအမှတ်အနေဖြင့် ဇန်နဝါရီ ၂၈ ရက် နံနက် ၄ နာရီခွဲက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ ဆရာတော်ကြီးများ၊ ကျောင်းတိုက်အသီးသီးမှ သံဃာတော် ၁၃၅၅ ပါး၊ တရုတ်ဘုန်းတော်ကြီး အပါး ၉၀၊ သီလရှင် ဆရာကြီး၊ ဆရာလေး အပါး ၁၁၀ အပါအဝင် စုစုပေါင်း ၁၅၅၅ ပါးအား လမ်းမတော် မဟာဗန္ဓုလလမ်းဆုံမှ ရွှေတိဂုံဘုရားလမ်းအထိ အာရုံတန်း ဆွမ်းလောင်းလှူခဲ့ကြောင်း မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းထံမှ သိရသည်။



တရုတ်ရိုးရာ နှစ်သစ်ကူးပွဲ ဖွင့်ပွဲအခမ်းအနားကို လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းရှေ့တွင် ဆက်လက်ကျင်းပခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ် ကုန်သည်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ်သည် တရုတ်ရိုးရာ ကြက်နှစ်ဖြစ်ပြီး နှစ်သစ်ကူးပွဲတော်ကို ယခင်နှစ်များနှင့်မတူ ခရီးသွားဆွဲဆောင်နိုင်မှုအဖြစ် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးက ပံ့ပိုးကူညီမှုဖြင့် အတူ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်း၊ တရုတ်လူမှုရေးအသင်း၊ ယူနန်အသင်း၊ ဖူကျန့်အသင်း၊ ကွမ်တုံအသင်းတို့ ပူးပေါင်းကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အဖြစ် မဟာဗန္ဓုလလမ်းတစ်လျှောက်တွင် မီးပုံးများ၊ မီးအလှများချိတ်ဆွဲထားပြီး မုခ်ဦးတည်ဆောက်ထားကာ အလှဆင်ထားကြောင်း သိရသည်။ ပွဲတော်နှင့်အတူ စတုဒိသာကျွေးမွေးရေး အစီအစဉ်များပါဝင်ပြီး တရုတ်ရိုးရာ ခြင်္သေ့၊ နဂါး အကများဖြင့်လည်း လှည့်လည်ကပြခဲ့သည်။ ယင်းအပြင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့များကလည်း လာရောက်ကပြကြကာ တရုတ်-မြန်မာရိုးရာဓလေ့ယဉ်ကျေးမှုများကို ပေါင်းစပ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**သတင်း- (၀၀၁)**
**ဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)**

■

# မြင်းမူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မြင်းမူ ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော တံတားတည်ဆောက်ရေးလုပ်ငန်းများကို ဇန်နဝါရီ ၂၆ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လာရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါတံတားမှာ မုံရွာ-မန္တလေး လမ်းမကြီး၏ လက်ယာဘက်ရှိ နဘဲကြုံးကျေးရွာ ကျေးလက်လမ်းပေါ်ရှိ အလျား ၁၄ ပေ၊ အနံ ၁၄ ပေနှင့် အမြင့် ရှစ်ပေရှိ ကျောက်ရိုးစီ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး ဌာနခွင့်ပြုငွေ ကျပ် ၁၀ သန်းဖြင့် စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်လျက်ရှိကြောင်း သိရှိရသည်။ **အောင်စိုးဖေ(မြင်းမူ)**




# မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဆိုင်ရာနှင့် အစိုးရဌာနများ၏ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြည်ထောင်စုလွှတ်တော်၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် သပြေညို အင်စတီကျု(Eugenia Insitute)တို့၏ ပေါင်းစပ်စီစဉ်မှုဖြင့် မြန်မာနိုင်ငံ၏ဘဏ်လုပ်ငန်းဆိုင်ရာနှင့် အစိုးရဌာနများ၏ ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာသိမှတ်ဖွယ်ရာများ ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် လွှတ်တော်ဝင်း သဘင်ဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဖွင့်အမှာစကားပြောကြားပြီးဘဏ်လုပ်ငန်းဆိုင်ရာ အကြံပေးများဖြစ်ကြသော ဦးရဲမင်းဦးနှင့် ဦးစိုးသိန်းတို့က မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ၊ ဘတ်ဂျက်ရေးဆွဲခြင်း၏ ရည်ရွယ်ချက်၊ သဘောတရားနှင့် ဘတ်ဂျက်သံသရာ၊ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ရန်လိုအပ်သည့် ဘဏ္ဍာရေးရပ်ဝန်းနှင့် ဘတ်ဂျက်ဖွဲ့စည်းမှုပုံသဏ္ဍာန်တို့ အပေါ် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ နိုင်ငံခြားသားရဟန်းတော်များ ပိဏ္ဍစာရဆွမ်းဝတ် လက်တွေ့ကျင့်သုံးအလှူခံကြွရောက်

**ရန်ကုန် ဇန်နဝါရီ ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား)ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒာဝရာဘိဝံသအမှူးပြု၍ ဌာနကြီးမှူး ပါမောက္ခဆရာတော်ကြီးများ ဦးဆောင်သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ဗုဒ္ဓဓမ္မစာပေများတက်ရောက်ပညာသင်ကြားလျက်ရှိကြသည့် မြန်မာနိုင်ငံအပါအဝင် အမေရိကန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ လာအို၊ နီပေါ၊ သီရိလင်္ကာ၊ ဗီယက်နမ် စသည့် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ နိုင်ငံခြားသားရဟန်းတော်များ၊ သီလရှင်များ စုစုပေါင်းအပါး ၁၃၀ ကျော်တို့သည် ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်(ဆ)ရပ်ကွက်သို့ ပိဏ္ဍစာရဆွမ်းဝတ် လက်တွေ့ကျင့်သုံး အလှူခံကြွရောက်ကြသည်။

ပိဏ္ဍစာရဆွမ်းဝတ်လက်တွေ့ကျင့်သုံး အလှူခံကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်သာသနာ့နုဂ္ဂဟအသင်းနှင့် ဓမ္မသာလာဓမ္မာရုံဂေါပကအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် ဂေါပကအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပညာရေးမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက် ၁၉ ရပ်ကွက်ရှိ ဓမ္မာရုံများနှင့် စေတနာရှင် အလှူရှင်များက ဆွမ်းကွမ်းဟင်းနှင့် ဒါတဗ္ဗ ဝတ္ထုအစုစုကို သဒ္ဓါကြည်ဖြူလောင်းလှူခဲ့ကြသည်။

**(သတင်းစဉ်)**



**ဦးကိုနီကို သေနတ်ဖြင့် ပစ်ခတ်သည့် ကြည်လင်းအား ဖမ်းဆီးရမိစဉ်။**

**Photo: Min Thant Naing(Facebook)**

**❖ ကျောဖုံးမှ**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး ဦးကိုနီသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့နှင့် မာလူကူပြည်နယ်တို့၌ ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ ကျင်းပခဲ့သော Senior Leadership Program လေ့လာရေးခရီးသွားရောက်ပြီးနောက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး လေဆိပ် Terminal-1 ရှေ့၌ သေနတ်သမားတစ်ဦးက ဦးခေါင်းကို အနီးကပ်တစ်ချက် ပစ်ခတ်ခဲ့သဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ပစ်ခတ်သူက ဦးကိုနီကို ပစ်ခတ်ပြီး ထွက်ပြေးရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုက လိုက်လံဖမ်းဆီးခဲ့စဉ် အငှားယာဉ်မောင်း ဦးနေဝင်း အသက်(၄၂)အား သေနတ်ဖြင့် ထပ်မံပစ်ခတ်ခဲ့သဖြင့် ဦးနေဝင်းမှာ ဝဲဘက်ဆီးခုံပေါက်ပြဒဏ်ရာရရှိပြီး မြောက်ဥက္ကလာပဆေးရုံသို့ တင်ပို့စဉ် သေဆုံးသွားကြောင်း၊ ပစ်ခတ်သူမှာ ဆက်လက်ထွက်ပြေးစဉ် ညနေ ၅ နာရီ ၅ မိနစ်ခန့်တွင် ရန်ကုန်လေဆိပ် ရောမမာန်စားသောက်ဆိုင်ရှေ့၌ အရှင်ဖမ်းဆီးရမိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူမှာ မန္တလေးမြို့ မဟာအောင်မြေမြို့နယ်နေ ကြည်လင်း (၅၃)နှစ် ဖြစ်ကြောင်း၊ ၎င်းထံမှ ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည် ကိုးတောင့်၊ ငါးလုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် လေးတောင့်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သတင်းဆက်ဖော်ထုတ်လျက်ရှိကြောင်း ကနဦး သတင်းရရှိသည်။ **(သတင်းစဉ်)**

# စာပေချစ်မြတ်နိုးသူများ တစ်ခေါက်တစ်ခါ အရောက်လာခဲ့စေချင်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ယနေ့သည် တနင်္ဂနွေရုံးပိတ်ရက်ဖြစ်သည့်အတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့မျက်နှာစာ၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၊ ဘေးဝဲ၊ ယာနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရုံးရှေ့မျက်နှာစာအထိ Yangon Books Street စနေ၊ တနင်္ဂနွေရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းကို နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်ရောင်းချထားရာ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းရှိ စာပေချစ်မြတ်နိုးသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို စာရေးသူ တွေ့မြင်ခဲ့ရသည်။

စာရေးသူလည်း စာပေချစ်မြတ်နိုးသူဖြစ်သည့်အတွက် ဟိုဟိုဒီဒီ စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုနေရာမှ တစ်နေရာအရောက်တွင် "လာနော် ပညာရွှေအိုး လူမခိုး၊ အလိမ္မာစာမှာရှိသည်၊ အဟောင်းတွေဖြစ်ပေမယ့် မဖတ်ရသေးသူများအတွက်ကတော့ အသစ်ပဲဖြစ်တယ်" ဟု စာအုပ်အဟောင်း အော်ရောင်းနေသော အဘ ဦးအုန်းမြင့်ဦး ကြာပန်းရေစင် စာပေမှ စာအုပ်ရောင်းသူအား စိတ်ဝင်တစား ဖြစ်မိသည့်အတွက် ၎င်းအား မေးမြန်းခဲ့သည်။

"အဘ စာအုပ်အဟောင်းရောင်းတာ အနှစ် ၄၀ ရှိပြီ။ တနင်္လာနေ့မှ သောကြာနေ့အထိကတော့ လမ်း(၃၀) မှာရောင်းတယ်။ စနေ၊ တနင်္ဂနွေနေ့မှာဆို လမ်း(၃၀)မှာ စာအုပ်လာဝယ်သူ နည်းပါးတော့ လူစည်ကားတဲ့ အခု ဒီမှာလာရောင်းတာပါ။ အဘရဲ့ စာအုပ်ဆိုင်မှာ စာဖတ်ပရိသတ်တွေအတွက် ဘာသာရပ်မျိုးစုံ၊ စာအုပ်အဟောင်းတွေ၊ ရှားပါးတဲ့ သမိုင်းဝင်စာအုပ်အဟောင်းတွေနဲ့ သုတ၊ ရသ စာအုပ်အဟောင်းတွေ ရှိတယ်။ ဈေးနှုန်းကတော့ ၃၀၀ ကျပ်တန်၊ ၅၀၀ ကျပ်တန် စာအုပ်တွေအပြင် သမိုင်းဝင်စာအုပ်အဟောင်းတွေကိုတော့ ၅၀၀၀ ကျပ်နဲ့ ရောင်းချပေးပါတယ်" ဟု ပြောသည်။

ဆက်လက်၍ "အခုဆိုရင် စနေ၊ တနင်္ဂနွေနှစ်ရက်ပေါင်း ရောင်းချရငွေမှာ လမ်း(၃၀)တွင် ရောင်းရငွေနဲ့ အတူတူလောက်ဖြစ်တယ်။ အဘရဲ့ စာအုပ်အဟောင်းဆိုင်ရော၊ အခြားဆိုင်တွေမှာပါ မိန်းကလေးငယ်တွေ စာအုပ်လာဝယ်နေကြတယ်။ လာဝယ်တဲ့ မိန်းကလေးငယ်တွေ တော်တော်စာဖတ်နေကြတာ ဖြစ်တဲ့အတွက် ဝမ်းသာပီတိဖြစ်ရတယ်။ စနေ၊ တနင်္ဂနွေရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းဟာ အထင်ကရ ဝန်ကြီးများရုံး (ယခင် အတွင်းဝန်ရုံးအရှေ့) ဖြစ်တော့ ပြည်တွင်းစာပေ ဝါသနာရှင်တွေသာမက နိုင်ငံခြားသားခရီးသွားဧည့်သည်တွေအတွက်ပါ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်လာပါတယ်"ဟု ၎င်းက ပြောသည်။



ရန်ကုန်မြို့သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ထားသည့် Yangon Books Street စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာပေချစ်မြတ်နိုးသူများ လာရောက်ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရစဉ်။ (ဇော်မင်းလတ်)

စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာအုပ်ဈေးတန်းတွင် စာဖတ်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန် တစုတဝေးတည်း ဖွင့်လှစ်ထားသည့်အတွက် စာပေချစ်မြတ်နိုးသူများ တစ်ခေါက်တစ်ခါ အရောက်လာခဲ့စေချင်ပါကြောင်း စာရေးသူ တင်ပြဖိတ်ခေါ်လိုက်ရပါသည်။ **(ကိုကိုဇော်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၉**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ရှေးဦးစွာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူများက မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ Evap Type အအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်၊ မီးကိုင်ဥစားကြက်နှင့် အသားတိုးကြက်မွေးမြူထားရှိမှုအခြေအနေများ၊ DYL ဝက်များ၊ အသားတိုးဝက်နှင့် ဝက်သားပေါက်များ မွေးမြူရောင်းချမှုအခြေအနေများ၊ ငါးကန်များအတွင်း သုံးလွှာစနစ်ဖြင့် ငါးမျိုးစုံမွေးမြူထားရှိမှုအခြေအနေများ၊ နို့စားနွားမွေးမြူထားရှိမှုနှင့် နွားနို့ထုတ်လုပ်ရောင်းချမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ စိန်တလုံးသရက်၊ တစ်ရှူးငှက်ပျော၊ ငွေနှင်းမှို၊ ကြယ်ပဲနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် တိုင်းစစ်ဌာနချုပ် စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းမှ ထွက်ရှိသော ငွေနှင်းမှို၊ ကြယ်ပဲနှင့် ခြံထွက်သီးနှံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘက်စုံစိုက်ပျိုးမွေးမြူရေး စခန်းအတွင်းရှိ ကြယ်ပဲများစိုက်ပျိုးထားရှိမှု၊ ငါးကန်များအတွင်း ငါးများမွေးမြူထားရှိမှု၊ နို့စားနွားများမွေးမြူထားရှိမှု၊ DYL ဝက်များအား Battery Case ဖြင့် မွေးမြူထားရှိ၊ DYL မျိုးဝက်မများအား သီးခြားစီခွဲ၍ထားရှိမှု၊ သားခွဲအသားတိုးဝက်ပေါက်များမွေးမြူထားရှိမှုနှင့် အသားတိုးဝက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရတနာပုံသတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်မြန်မာသန့်ရှင်းဖို့ ဝိုင်းဝန်းပါဝင်ကြပါစို့

**ရန်ကုန် ဇန်နဝါရီ ၂၉**
"ကျွန်ုပ်က အမှိုက်ကောက်တဲ့ သူရဲကောင်းပါ။ ပြည်မြန်မာသန့်ရှင်းဖို့ ဝိုင်းဝန်းပါဝင်ကြပါစို့" ဟူသော စာတန်းများပါဝင်သော အဝါရောင်အင်္ကျီများကို ဆင်တူဝတ်ဆင်ထားသူများသည် ညနေခင်းပူပြင်းသည့် နေရှိန်ကို အံတုလျက်စုပေါင်း၍အမှိုက်ကောက်နေကြသည်။

Trash Hero Myanmar အမှိုက်ကောက်သောအစီအစဉ်အဖြစ် မြန်မာနိုင်ငံအတွင်းရှိမြို့ကြီးများ၊ လူစည်ကားရာနေရာများတွင် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းနှင့် အနီးပတ်ဝန်းကျင်၌ လူအင်အား ၁၅၀ ခန့်ဖြင့် စုပေါင်းအမှိုက်ကောက်နေကြခြင်းဖြစ်သည်။




အမှိုက်ဆိုသည်များတွင် ဆေးလိပ်တို၊ ကွမ်းယာအိတ်၊ တစ်သျှူးစ၊ သောက်ပြီးသား ရေသန့်ဘူးခွံ၊ အချိုရည်ဘူးခွံ၊ ပလတ်စတစ်အိတ် စသည့် အမှိုက်များပါဝင်သည်။

"ကျွန်တော်တို့ ရည်ရွယ်ချက်က သန့်ရှင်းရေးလုပ်မယ်၊ ပညာပေးမယ်၊ အမူအကျင့်တွေကို ပြောင်းလဲသွားစေချင်တာဖြစ်ပါတယ်"ဟု Trash Hero Event ကို ဦးဆောင်သူ ဦးဖုန်းကျော်မိုးမြင့်က ပြောသည်။

Trash Hero World သည် ဆွစ်ဇာလန်နိုင်ငံတွင် Base အဖြစ်ထားရှိပြီး ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် သက်ဆိုင်ရာ Trash Hero အဖွဲ့များ ဖွဲ့စည်းကာ Trash Hero Event များကို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ Trash Hero Event တွင် နိုင်ငံပေါင်းများစွာမှ လုပ်အားပေးသူပေါင်း တစ်သောင်းကျော်ရှိခဲ့ပြီး အရှေ့တောင်အာရှကမ်းခြေများတွင် အမှိုက်တန်ချိန် ၁၅၀ ကျော်ကို ကောက်ယူခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်လည်း အဆိုပါ Trash Hero Event ကို မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဖုန်းကျော်မိုးမြင့်က ဦးစီးဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လမှ စတင်ခဲ့ပြီး ယခုအထိ ထားဝယ်၊ ငွေဆောင်၊ ပြင်ဦးလွင်၊ မန္တလေးနှင့် ရန်ကုန်မြို့များတွင် (၁၁) ကြိမ်ခန့် စုပေါင်းအမှိုက်ကောက်ခဲ့ကြသည်။

"ကျွန်မတို့ အခုလိုအမှိုက်ကောက်နေတဲ့အချိန်မှာ လမ်းမှာဖြတ်သွားတဲ့ အထဲက တစ်ယောက်လောက်ပဲ ဖြစ်ဖြစ် အမှိုက်မပစ်တော့ဘဲ အမှိုက်ပုံးထဲမှာပဲ ပစ်တော့မယ်ဆိုတဲ့ စိတ်ကူးလေးရသွားဖို့ ကျွန်မတို့မျှော်လင့်ပါတယ်"ဟု ပါဝင်အမှိုက်ကောက်သူ မဖြူဖြူခိုင်က ပြောသည်။

ရန်ကုန်မြို့အတွင်းရှိ ပန်းဆိုးတန်း ဇရိယာအတွင်းတွင် လည်းကောင်း၊ အင်းလျားကန်ပေါင် အတွင်းတွင် လည်းကောင်း ဆောင်ရွက်ခဲ့သလို ထားဝယ်မြို့တွင် တစ်ကြိမ်၊ ငွေဆောင်ကမ်းခြေတွင် သုံးကြိမ်၊ စစ်ကိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၊ မန္တလေးနှင့် ပြင်ဦးလွင်တို့တွင်လည်း စုပေါင်းအမှိုက်ကောက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် ယခုထိ အမှိုက်ကောက်သူရဲကောင်း နှစ်ထောင်ကျော်ခန့်ပါဝင်နေပြီး အမှိုက်တန်ချိန်ကီလိုတစ်သောင်းဝန်းကျင် ကောက်ယူသန့်ရှင်းရေးလုပ်ခဲ့ကြောင်း သိရသည်။

ယနေ့တွင် အမှိုက်ကောက် သူရဲကောင်းအဖြစ်ပါဝင်သူ ကိုနေလင်းမောင်က "အခြားနိုင်ငံတွေရဲ့ကမ်းခြေတော်တော်များများက လှပကြတယ်။ ဒီဗိုလ်တထောင် ကမ်းနားမှာတော့ ညပိုင်းမှာ အပန်းဖြေလာရင် အမှိုက်တွေကြောင့် အမြင်မတင့်တယ်ဘူး။ ဒါကြောင့် ဒီနေရာကိုအဓိကထားပြီး သန့်ရှင်းရေးလုပ်တာဖြစ်တယ်" ဟုဆိုသည်။

မိမိဒေသလှပသန့်ရှင်းပြီး အမှိုက်ကင်းစေလိုသည့်အတွက် အမှိုက်ကောက် သူရဲကောင်းတို့က တန်ဖိုးရှိသောအချိန်များကိုပေးကာ လှုပ်ရှားမှုစတင်ခဲ့ခြင်းဖြစ်ကြောင်း၊ စေတနာသန့်သန့်ဖြင့် သန့်ရှင်းရေးပြုလုပ်ကြသည့်အစီအစဉ်တွင် လူငယ်အများစုပူးပေါင်းပါဝင်ကြပြီး မည်သူမဆိုပူးပေါင်းနိုင်ကြောင်း သိရသည်။

"အဓိကက ကျွန်တော်တို့တိုင်းပြည်ကို သန့်ရှင်းအောင် လုပ်ချင်တယ်။ ဒီလှုပ်ရှားမှုကို စိတ်ဝင်စားတယ်။ ဘယ်နေရာမှာတော့ အမှိုက်တွေအများကြီးရှိပါတယ်၊ ဆောင်ရွက်ချင်တယ်လို့ ကျွန်တော်တို့ကို ဆက်သွယ်ရင် ကျွန်တော်တို့ Guide Line တွေချပေးမယ်။ အနာဂတ်အတွက် နောက်ထပ် Hero တွေကို လက်ကမ်းကြိုဆိုလျက်ရှိပါတယ်"ဟု ဦးဖုန်းကျော်မိုးမြင့်က ပြောသည်။

**သတင်း- ဝင်းနန္ဒာ၊ဓာတ်ပုံ- ဝင်းဝင်း**

# နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**
နေပြည်တော် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီကကြီးမှူးကျင်းပသည့် နေပြည်တော် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်အပ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီက နေပြည်တော် ပျဉ်းမနားမြို့ရှိ ပေါင်းလောင်းအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အလေးပြုခံစင်မြင့်ထက်သို့ ရောက်ရှိနေရာယူ၍ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အတူ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံအား အလေးပြုကြပြီး ကျဆုံးခေါင်းဆောင်များနှင့် ရဲဘော်အပေါင်းအား ဆက်လက်အလေးပြုကြကာ ကြက်ခြေနီ သစ္စာခိဋ္ဌာန် ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌထံသို့ နေပြည်တော်ကြက်ခြေနီသူနာပြုတပ်ဖွဲ့အား တပ်အပ်၍ ကောင်စီဥက္ကဋ္ဌက တပ်အပ်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက နေပြည်တော်ကောင်စီဥက္ကဋ္ဌအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်အသီးသီးမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

○ ကျောဖုံးမှ
လျှော့ရိုက်ချက် ၁၄ ချက်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် Todd SINNOTT (ဩစတြေးလျ) က သတ်မှတ်ရိုက်ချက်ထက် ၁၄ ချက်လျှော့ရိုက်ကာ ဗိုလ်စွဲခဲ့ပြီး Carlos PIGEM (စပိန်)က သတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ပြီး ဒုတိယ၊ Sungjae IM (တောင်ကိုရီးယား)၊ Miguel TABUENA (ဖိလစ်ပိုင်)နှင့် K.T. KIM (တောင်ကိုရီးယား)တို့က ၁၀ ချက်စီဖြင့် တတိယနေရာတို့ရရှိခဲ့သည်။ နောက်ဆုံးနေ့အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama နှင့် Asian Tour ကော်မရှင်အဖွဲ့ဝင် ဦးကြည်လှဟန်တို့က အမှာစကားပြောကြားသည်။




**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ချန်ပီယံဆုရရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား Todd SINNOTT အား ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်စဉ်။** (ဓာတ်ပုံ-ဖိုးသော်ဇင်)

ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Leopalace 21 ဥက္ကဋ္ဌ Mr.Eisei Miyama ကို လည်းကောင်း၊ Asian Tour က ပန်းလှိုင်ဂေါက်ကွင်းကို လည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက မြန်မာကစားသမားများတွင် အကောင်းဆုံးဆုရရှိသည့် ဘိုဘိုနှင့် ရဲထက်အောင်တို့အား ဆုများချီးမြှင့်သည်။ ချန်ပီယံဆုရရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား Todd SINNOTT အား Leopalace 21 ဥက္ကဋ္ဌ Mr. Eisei Miyama က ဆုကြေး ဒေါ်လာ ၁၃၅၀၀၀ ကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ချန်ပီယံဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ချန်ပီယံဆုရရှိခဲ့သည့် ဩစတြေးလျနိုင်ငံသား Todd SINNOTT နှင့် တာဝန်ရှိပုဂ္ဂိုလ်များ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

**(ရဲရင့်ရှိုင်း)**

# မန္တလေးမြို့က စာပေချစ်သူများ၏ ရင်တွင်းစကားများ

**စာရေးဆရာ ဆူးငှက်**

မန္တလေးမှာ ကျင်းပတဲ့ ကလေးစာပေပွဲတော်ကို ဒီနေ့ရောက်ဖြစ်တယ်။ နောက်ဆုံးရက်မှာ ကြိတ်ကြိတ်တိုး စည်ကားတာတွေ့ရတယ်။ ဒီနေ့မှ မဟုတ်ဘူး၊ အရင်နှစ်ရက်ကလည်း တော်တော်စည်ကားတယ်ဆိုတာ လူမှုကွန်ရက်တွေကတစ်ဆင့် ဓာတ်ပုံအထောက်အထားတွေနဲ့ တွေ့ရပါတယ်။

ကလေးစာပေပွဲတော်မှာ ကလေးတွေ ပုံဆွဲကြ၊ ပုံပြောကြ၊ စာဖတ်ကြ၊ ကစားကြ၊ သီချင်းဆိုကြနဲ့ အလွန်ဝမ်းမြောက်စရာပါပဲ။ ကလေးတွေက တီဗွီဂိမ်းတွေ၊ တိုက်ကားတွေ၊ တီဗွီဖန်သားပြင်တွေမှာပဲ တစ်ကိုယ်တော် အချိန်ကုန်နေကြတာများပါတယ်။ အစုအဝေးနဲ့၊ အဖွဲ့အစည်းနဲ့၊ အပေးအယူနဲ့၊ စည်းလုံးညီညွတ်စွာ ဆော့ကစားကြမယ့် အခြေအနေတွေကို ဖန်တီးပေးကြဖို့ ကလေးစာပေပွဲတော်က လမ်းဖွင့်လှုံ့ဆော်ပေးလိုက်တာပါပဲ။

မန္တလေးမှာ ကလေးစာပေပွဲတော် သုံးရက်ကျင်းပရာကနေ သတိပြုမိတာတွေကတော့ လူထုအဖွဲ့အစည်းနဲ့ အားလုံးပူးပေါင်းပါဝင်ကျင်းပတဲ့ လူထုပွဲတော်ကြီးတွေ၊ ဥပမာ-ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့ အခမ်းအနားမျိုးတွေ မကျင်းပဖြစ်တာ နှစ်ပေါင်း နှစ်ဆယ်၊ သုံးဆယ်လောက်ရှိပြီ။ ဒါကြောင့် လူထုပွဲတော်ကြီးတွေ မန္တလေးမှာ လိုအပ်နေတာ သေချာတယ်။ လူထုပွဲတော်ကြီးတွေ ကျင်းပကြပါ။

နောက်လူထုပွဲတော်ကြီးတွေ ကျင်းပခဲ့တဲ့ မန္တလေးမှာ အရင်က မန်းရာပြည့်ကွင်းကြီးလို၊ မန်းသီတာဥယျာဉ်လို၊ ဆင်ဖြူကန်ကွင်းလို ကွင်းကြီးတွေရှိခဲ့လို့ ကျယ်ကျယ်လွင့်လွင့် ခမ်းခမ်းနားနား ကျင်းပနိုင်ခဲ့တယ်။ အခု ဒီကွင်းကြီးတွေအားလုံး မရှိတော့ဘူး။ ဒါကြောင့် မန္တလေးမှာ လူထုပွဲတော်ကြီးတွေ ကျင်းပဖို့ လူထုကွင်းပြင်ကြီးတွေ၊ လူထုရင်ပြင်တွေ၊ လူထုအခမ်းအနားတွေနဲ့ပတ်သက်တဲ့ ပြတိုက်၊ ပြခန်း၊ ခန်းမကြီးတွေ ထိုက်ထိုက်တန်တန် လိုအပ်နေပါပြီလို့ ပြောချင်ပါတယ်။

**ဒေါ်နှင်းနှင်းမော်**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်ပိုင်ပညာရေးကျောင်းများအသင်းဥက္ကဋ္ဌ**
**(CAE ကျောင်းအုပ်ဆရာမကြီး)**

ကလေးစာပေပွဲတော်ကြီး မကျင်းပမီ ပြန်ကြားရေးဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ အကြိမ်ကြိမ် အစည်းအဝေးတွေ လုပ်ခဲ့ရပါတယ်။ နေပြည်တော်မှာ ပထမကျင်းပခဲ့ပြီး တော်တော်အောင်မြင်တဲ့ပွဲ ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေကလည်း ပိုမိုစည်ကားသိုက်မြိုက်တဲ့ပွဲဖြစ်ဖို့



ဆရာ ဆူးငှက်

တော်တော်လေး အားထည့်တိုက်တွန်းပြီး ကျွန်မတို့ကို ပြင်ဆင်ဖို့အကြံပြုခဲ့ပါတယ်။ ကျွန်မတို့လည်း ကိုယ်တာဝန်ကျတဲ့အပိုင်းက အကောင်းဆုံးဖြစ်အောင် ကိုယ်ပိုင်ကျောင်းတွေအစည်းအဝေးပေါင်းများစွာ ပြုလုပ်ပြင်ဆင်ခဲ့ကြရပါတယ်။

မကျင်းပမီကတော့ မျှော်မှန်းတဲ့အထိ စည်စည်ကားကားဖြစ်ပါ့မလားလို့ စိုးရိမ်ခဲ့ ပထမနေ့ကတည်းက စည်ကားလွန်းလို့ တိုးမပေါက်အောင်ဖြစ်ခဲ့ရတဲ့ မြင်ကွင်းကို တွေ့ရတော့ ပျော်ပါတယ်။ ကျွန်မတို့ ကိုယ်ပိုင်ကျောင်းပြခန်းလေးမှာလည်း တော်တော် စည်ကားပါတယ်။ အခြားနေရာတွေလည်း တိုးမပေါက်ပါဘူး။ ကလေးတွေလည်း ပျော်ကြ၊ မိဘတွေကလည်း တက်ကြွကြ၊ ပြခန်းတာဝန်ကျဦးဆောင်ရှင်းပြနေတဲ့ ကလေးတွေလည်း မမောနိုင်၊ ပြခန်းက သိမ်းလို့သာ သိမ်းရ ကြည့်တဲ့သူတွေက မပြန်နိုင်နဲ့၊ “ပွဲတော် အချိန်နည်းတယ်။ ရက်တိုးသင့်တယ်”ပြောရင်း မချင့်မရဲပြန်သွားတဲ့ ကလေးတွေ၊ လူကြီးတွေကိုကြည့်ရင်း အမောပြေခဲ့ရပါတယ်။ ပွဲတော်ကြီးကအပြန် ဒီပွဲတော်အကြောင်းပြုပြီး စာပေဝါသနာအိုးလေးတွေ ဖြစ်လာမယ့် ကလေးတွေအကြောင်းကို တွေးရင်း ပျော်ရွှင်ရပါတယ်။

**ဆရာစိုးဘားဒိုင်(စာရေးဆရာ)**

ကလေးစာပေပွဲတော် မန္တလေးမှာလာပြီး ကျင်းပတာက ပြန်ကြားရေးဝန်ကြီးဌာနနဲ့



ဒေါ်နှင်းနှင်းမော်

တိုင်းဒေသကြီးအစိုးရက ပူးပေါင်းပြီးလုပ်တာပါ။ ဒီလိုအချိန်တိုလေးနဲ့ ဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ပွဲတော်ကြီးတစ်ခုဖြစ်လာတဲ့အတွက် ပါဝင်ပြီးကြိုးပမ်းကြတဲ့လူတွေကို ချီးကျူးပါတယ်။ ဒီပွဲတော်က တအားအောင်မြင်တယ်။ အားလုံးမြင်ကြတဲ့အတိုင်းပဲ သုံးရက်စလုံး လူတွေတအားစည်ကားတယ်၊ ကလေးတွေ စိတ်ဝင်စားတယ်၊ ပျော်ကြတယ်။ သူတို့ရဲ့ ပျော်နေတဲ့ မျက်နှာလေးတွေမြင်ရတော့ ကျန်တဲ့သူတွေလည်း အပျော်တွေ ကူးစက်တာပေါ့။ ပိုပြီးစိတ်ဝင်စားစရာကောင်းတာက စာအုပ်ဆိုင်တွေမှာ ကလေးတွေ စုပြုံပြီးတော့ စာအုပ်တွေဝယ်ကြ၊ စာအုပ်တွေ ကြည့်ကြ၊ ကစားပွဲတွေကလည်း မျိုးစုံဆိုတော့ ကလေးတွေဟာ ပွဲထဲကိုရောက်ပြီဆိုကတည်းက နံပါတ်တစ်အချက် ကလေးတွေပျော်နေကြတယ်။ နောက်အချက်က သူတို့တွေအတွက် မျိုးစုံဆော့ကစားရတဲ့အတွက် လွတ်လပ်မှုပေါ့။ နောက်တစ်ချက်က စာအုပ်တွေဝယ်ကြတာ၊ စာအုပ်တွေပေါ်မှာ အာရုံရောက်လာတာ ဒီပွဲတော်ရဲ့အကျိုးကျေးဇူးပေါ့။ ကလေးတွေက ဂိမ်းပဲဆော့စရာရှိတာ၊ TV ပဲကြည့်စရာရှိတာ၊ ဖုန်းပဲဆော့စရာရှိတာမဟုတ်ဘဲ စာအုပ်တွေလည်း ဖတ်လို့ရတယ်ဆိုတဲ့အသိ ဝင်စေပါတယ်။

**အောင်သန်းထွန်း**
**( Intensity စာကြည့်တိုက်)**

ကလေးတွေ စိတ်ဝင်စားတယ်။ အတော်ကို



ဆရာစိုးဘားဒိုင်

အုတ်အော်သောင်းတင်းရှိပါတယ်။ ကျွန်တော်တို့ဘက်က စာကြည့်တိုက်တွေ လုပ်ပေးဖို့ပဲလိုတာပါ။ ကလေးတွေ စာမဖတ်ဘူးပြောနေပေမယ့် ဒီဟာတွေကြည့်ရင် လုံးဝသိသာမှာပါ။ ကလေးတွေက လုပ်ချင်ကိုင်ချင်စိတ်ရှိတယ်။ စာကြည့်တိုက်ကိုလည်း ဝင်ချင်ထွက်ချင်စိတ်ရှိတယ်။ ကျွန်တော်တို့ဘက်က ကလေးတွေကို ကြိုဆိုတဲ့ပုံစံမျိုးအစီအစဉ်တွေ လိုအပ်ပါတယ်။ ဒါမျိုးအစီအစဉ်တွေရှိရင် ကလေးတွေ စာကြည့်တိုက်ကိုရောက်လာမှာပါ။ ကလေးတွေဘက်က ချို့ယွင်းချက်မဟုတ်ပါဘူး။ အများစု စာကြည့်တိုက်လုပ်တဲ့သူတွေက ကလေးတွေအတွက် အစီအစဉ်လေးတွေ အားနည်းနေတာက ကလေးတွေနဲ့ မဆိုင်တဲ့ ပုံစံဖြစ်သွားတာပါ။ အခုလိုခေါင်းစဉ်မှာကို ကလေးစာပေသီးသန့်လို့ တပ်လိုက်တော့ ကလေးတွေနဲ့အတူ မိဘတွေပါ ပါလာတယ်။ အဖြေကတော့ ရှင်းပါတယ်။ စာကြည့်တိုက်တွေဘက်က လုပ်ပေးဖို့ပဲကျန်ပါတော့တယ်။ ဒီနေ့ကတော့ စာပေဟောပြောပွဲမှာ ဆွေးနွေးတာက စမ်းသပ်တီထွင်တဲ့ စာကြည့်တိုက်ပေါ့။ အရင်ပုံစံမျိုး စာအုပ်ချည်းသီးသန့်မဟုတ်ဘဲ အကုန်လုံးဝန်ဆောင်မှုပေးနိုင်တဲ့ပုံစံမျိုးတွေ ပါလာမယ်၊ ဒစ်ဂျစ်တယ်နည်းပညာတွေပါလာမယ်။ သူတို့စိတ်ဝင်စားစရာအကြောင်းအရာ တက်ဘလက်တွေ၊ ကွန်ပျူတာတွေ စာကြည့်တိုက်မှာထားပြီးတော့ IT စတာတွေ အကုန်အစုံဝန်ဆောင်မှုမျိုးတွေပေးနိုင်တဲ့ စာကြည့်တိုက်မျိုးတွေလုပ်သွားဖို့ ဆွေးနွေးတဲ့ပုံစံပါ။

**ရဲထက်ဦး(စာကြည့်တိုက်များ**
**ဖြစ်မြောက်ရေးနှင့် ပြခန်းများစီစဉ်ပေးသူ)**

နေပြည်တော်မှာလုပ်တဲ့ ကလေးစာပေပွဲမှာ စတင်ပါဝင်ခဲ့တယ်။ မန္တလေးပွဲနဲ့



အောင်သန်းထွန်း

နေပြည်တော်ပွဲဆို မန္တလေးပွဲမှာ အများကြီး ပိုမိုပါဝင်တာတွေ့ရတယ်။ ကလေးတွေ စာအုပ်ဖတ်ဖို့ နည်းလမ်းပေါင်းများစွာတွေ့ရတယ်။ စာကြည့်တိုက်အသင်းတွေဖွဲ့ဖို့ ကြိုးစားနေပါတယ်။ တစ်နေရာထဲမှာပဲ စာဖတ်ခြင်းရဲ့ အကျိုးကျေးဇူးတွေ ရရှိတယ်လို့ မြင်ပါတယ်။ စာပေဟောပြောပွဲတို့၊ စာဖတ်ခန်းတို့ဆိုတာ အဓိကကတော့ မိဘတွေကို ဦးတည်တာပါ။ ကလေးတွေအတွက် စာကြည့်တိုက်ပို့ရင် စာဖတ်ဖြစ်အောင်၊ စာအုပ်ဝယ်ဖြစ်အောင် ရည်ရွယ်ပြီးတော့ ကျင်းပတာပါ။ သုံးရက်စလုံးဆိုရင် စာပေဟောပြောတဲ့သူအယောက် ၃၀ ကျော်ပါတယ်။ စာအုပ်စာပေဖတ်ခြင်းဆိုတာ တစ်နေ့တစ်ရက်နဲ့ပြောလို့ရတဲ့ အရာမဟုတ်ပါဘူး။ ဒါကြောင့် နိုင်ငံတော်အဆင့်ကရော၊ စာကြည့်တိုက်အဖွဲ့အနေနဲ့ရော ဆက်တိုက်လုပ်ဆောင်နေပါတယ်။ ကလေးတွေရဲ့ ဒီစာဖတ်တဲ့အကျင့်လေးကို ပြုစုပျိုးထောင်မှုရမှာပါ ။

**မင်းထက်အောင်(မန်းကိုယ်ပွား)**
**တင်မောင်(မန်းကိုယ်ပွား)**

■

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) ပထမထပ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကြီး ကျင်းပဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ရာ ပုံပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် အခြေခံပညာကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ ကိုယ်ပိုင်ကျောင်းများမှ ဆုရရှိသူ ရှစ်ဦး၊ မူလတန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦး၊ အလယ်တန်းအဆင့် စက္ကူခေါက်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦး၊ မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦး၊ အလယ်တန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူ ရှစ်ဦးတို့အား တာဝန်ရှိသူများက ဆုများနှင့် အမှတ်တရပစ္စည်းများ ပေးအပ်ကြသည်။

ယင်းနောက် ပွဲတော်တွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသည့် အကဲဖြတ်ဒိုင်များ၊ ပန်းချီ၊ ကာတွန်းပညာရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ လာရောက်ကူညီကြသူများ၊ ပွဲတော်လာပြည်သူများအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးခဲ့ကြသည့် စာကြည့်တိုက်များ၊ မြန်မာနိုင်ငံရုပ်စုံအသင်း၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT)၊ မြန်မာနိုင်ငံရုပ်စုံသဘင်အသင်း၊ မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း (MRPSA)၊ Happy World၊ DUMEX၊ NEUTROPLEX၊ KBZ BANK၊ KID ZON၊ FOREVER GROUP၊ GREAT WALL ဆောက်လုပ်ရေး၊ ဟိုတယ်ရွှေပြည်သာ၊ United Pacific Co., ltd & Advanced Myanmar Star Co.,Ltd၊ ရွှေဘဲစားသောက်ဆိုင်(မန္တလေး)၊ LUCKY သောက်ရေသန့်နှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ခဲ့ပြီး အခမ်းအနားအား အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မန္တလေးမြို့တွင် သုံးရက်တိုင်တိုင်ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကြီး နောက်ဆုံးရက်တွင် လူတစ်သိန်းနီးပါးဝင်ရောက်

**မန္တလေး ဇန်နဝါရီ ၂၉**

မန္တလေးမြို့တွင် သုံးရက်တိုင်တိုင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်ကြီး နောက်ဆုံးရက်တွင် လူတစ်သိန်းနီးပါးဝင်ရောက်ခဲ့ပြီး ပြိုင်ပွဲ ၁၁ မျိုးအတွက် ဆု ၈၈ မျိုး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါစာပေပွဲတော်ကို ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ရာ ဖွင့်ပွဲနေ့တွင် လူဦးရေ နှစ်သောင်းကျော်နှင့် ဒုတိယနေ့တွင် ငါးသောင်းကျော် လာရောက်ကြည့်ရှုကြပြီး ယနေ့ နောက်ဆုံးရက်တွင် တစ်သိန်းနီးပါးလာရောက်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဖေက ပြောသည်။

"ဒီနေ့နောက်ဆုံးနေ့ဆိုတော့ လာရောက်တဲ့သူတွေ အတော်များတယ်။ လမ်းပေါ်မှာလည်း ကားတွေ၊ ဆိုင်ကယ်တွေပြည့်ကျပ်နေတာ။ စာပေပွဲတော်မှာ စာအုပ်တွေ ထင်မှတ်မထားလောက်အောင် ရောင်းရတယ်။ အချိန်တိုလေးအတွင်းမှာ အခုလိုအောင်မြင်တဲ့အတွက် လုပ်ရကျိုးနပ်ပါတယ်။ နေပြည်တော်မှာက တစ်ရက်ပဲ ကျင်းပခွင့်ရတာ။ ဒီမှာသုံးရက်ဆိုတော့ ပွဲတော်ကိုလာရောက်တဲ့သူအတော်များပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းစာပေပွဲတော်တွင် ကလေးစာကြည့်တိုက်များ၊ စာဖတ်ခန်းများ၊ အစုအဖွဲ့လိုက် ပေါင်းစပ်ကစားရသည့် ဂိမ်းများ၊ စက္ကူခေါက်ခြင်း၊ အရုပ်ဆက်ခြင်းစသည်ဖြင့် ပြခန်းပေါင်း ၃၈ ခန်းပါဝင်ပြီး ပြိုင်ပွဲအနေဖြင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲစသည်ဖြင့် ပြိုင်ပွဲ ၁၁ မျိုးပြုလုပ်ရာ ပြိုင်ပွဲတစ်ခုလျှင် ဆု ၈ ဆုချီးမြှင့်ပေးကြောင်း သိရသည်။

"ပြိုင်ပွဲတစ်ခုကို ပထမ၊ ဒုတိယ၊ တတိယနဲ့ နှစ်သိမ့်ဆု ငါးဆုဆိုပြီး ရှစ်ဆုပေးတယ်။ ပြိုင်ပွဲ ၁၁ ခုမှာ ဆုရရှိတဲ့သူ ၈၈ ယောက်ရှိပါတယ်။ သူတို့တွေကိုဆုငွေအပြင် အမှတ်တရလက်ဆောင်ပစ္စည်းတွေလည်း ချီးမြှင့်ပေးပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

စာပေပွဲတော်အတွင်းရှိ စာအုပ်အရောင်းဆိုင်များမှ စာအုပ်ရောင်းရငွေမှာ ပထမရက်တွင် ငွေကျပ်သိန်း ၂၄၀၊ ဒုတိယနေ့တွင် ငွေကျပ်သိန်း ၄၇၀ ရရှိခဲ့ကာ ယနေ့နောက်ဆုံးရက်တွင် ရောင်းချရန်စာအုပ် လက်ကျန်မရှိတော့သည့်အတွက် ကျပ်သိန်း ၄၀၀ ကျော်ဖိုး သာရောင်းချနိုင်ခဲ့ပြီး ယင်းကဲ့သို့ စာပေပွဲတော်ကို လာမည့်မတ်လတွင် မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကာ ယင်းနောက် မုံရွာမြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

■





**✻ ကလေးစာပေပွဲတော်မှ**

စာအုပ်စာပေများနှင့် စာကြည့်တိုက်များမှ ပြသထားသည့် စာအုပ်များကို လေ့လာဖတ်ရှုခြင်း၊ နံနက်ပိုင်းတွင် ကျင်းပသည့် စက္ကူခေါက်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ မျက်လှည့်ပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ ရော်ဘာရွှံ့ရုပ်ပြုလုပ်ခြင်း၊ Team Building၊ Science Fair၊ အရုပ်ဆက်ကစားခြင်း၊ စကားပုံဆက်ကစားခြင်း၊ အိမ်ဆောက်လုပ်နည်းကစားခြင်းတို့တွင် မန္တလေးမြို့ရှိ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများနှင့် ပွဲတော်လာရောက်သည့်ကလေးငယ်များ စိတ်ဝင်တစား ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြပွဲပထမထပ်တွင် မန္တလေးမြို့ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ပုံပြောပြိုင်ပွဲတွင် ယှဉ်ပြိုင်ကြကာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများကလည်း ကျပန်းစကားပြောပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဒုတိယထပ်၌ နံနက်ပိုင်း စာပေဟောပြောပွဲ အစီအစဉ်တွင် ကဗျာဆရာအောင်မော်က မြန်မာ့ကာတွန်းနှင့် ကလေးစာပေခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)က ကလေးဇာတ်ကောင်များက မွေးဖွားပေးသော ကလောင်တစ်ချောင်း ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မွန်းလွဲပိုင်း၌ ကလေးစာပေမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါက်တာ အရှင်ဇဝန(သုတဉာဏ်ရောင်စာကြည့်တိုက်)၊ ဦးရဲထက်ဦး(သရုပါစာကြည့်တိုက်)၊ ဦးတေဇာဆန်း( ယုံကြည်ရာစာကြည့်တိုက်)၊ ဦးအောင်သန်းထွဋ် (Intensity Library)၊ ဒေါ်ခင်မျိုးဝေ(မေတ္တာရိပ် မိုဘိုင်းစာကြည့်တိုက်)တို့က မန္တလေးမြို့တော်မှ ဆန်းသစ်တီထွင်သော စာကြည့်တိုက်များခေါင်းစဉ်ကို ပါဝင်ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာကြည့်တိုက်များမှ တာဝန်ရှိသူများနှင့် စာပေချစ်သူများကလည်း အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကလေးစာပေပွဲတော်တွင် ကြိုက်သလောက်ယူ၊ ကြိုက်သလောက်လှူ အစီအစဉ် စိတ်ဝင်စားသူများပြား



**မန္တလေး ဇန်နဝါရီ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်(မန္တလေး)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) ၌ ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ကလေးစာပေပွဲတော်(မန္တလေး)တွင် ရတနာပုံတက္ကသိုလ် University Clean & Green Association (UCGA)အဖွဲ့မှ ကြိုက်သလောက်ယူ၊ ကြိုက်သလောက်လှူ သုတပညာမျှဝေခြင်းအစီအစဉ်ပြခန်း၌ ပွဲတော်လာကလေးများသာမက လူကြီးများပါ စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့အနေနဲ့ ကလေးတွေ စာဖတ်ခြင်းကို မြှင့်တင်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ဒီအစီအစဉ်ကို ဆောင်ရွက်ပေးခဲ့တာပါ။ စိတ်ဝင်စားသူများပြားပါတယ်။ ပထမနေ့မှာ စာအုပ်ပေါင်း ၅၀၀၀ ကျော်၊ ဒုတိယနေ့မှာ ၃၀၀၀ ကျော်နဲ့ အခုတတိယနေ့မှာ ၂၀၀၀ ကျော်ထားပါတယ်။ သုံးရက်ပေါင်းစာအုပ်တစ်သောင်းကျော် နီးပါးကုန်သလောက်ဖြစ်နေပြီ။ ရရှိလာတဲ့အလှူငွေအားလုံးကို ရတနာပုံတက္ကသိုလ် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ပုံးများ၊ သန့်စင်ခန်းသုံးပစ္စည်းများ ဝယ်ယူသွားမှာဖြစ်ပါတယ်။ ပြခန်းကိုလာတဲ့ သူတိုင်းကိုလည်း ကလေးသတင်းစာတွေ အခမဲ့ဖြန့်ဝေပေးပါတယ်။ လာရောက်သူတိုင်းစိတ်ဝင်စားကြပါတယ်" ဟု UCGA အဖွဲ့မှ ကိုလှမင်းဦးက ပြောသည်။

ကလေးစာပေပွဲတော်(မန္တလေး)တွင် ပထမနေ့၊ ဒုတိယနေ့တို့တွင်အထူးစည်ကားသလို တတိယနေ့တွင်လည်း လာရောက်သူများဖြင့် အလွန်စည်ကားလျက်ရှိရာ ကလေးများအတွက် သုတပညာမျှဝေခြင်းအစီအစဉ်များ၊ ဂိမ်းကစားခြင်းများ၊ စာအုပ်ဝယ်ယူသူများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ပြပွဲ၊ ပြိုင်ပွဲများ၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# ပျော်ရွှင်စွာဆင်နွှဲ မန္တလေးမြို့မှ ကလေးစာပေပွဲ

ဓာတ်ပုံ - တင်မောင်(မန်းကိုယ်ပွား)




အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။



ရောင်းဝယ်သူများဖြင့် စည်ကားလျက်ရှိသည့် စာအုပ်အရောင်းဆိုင်များ။



အရုပ်ပုံဆက်အိမ်ဆောက်ကစားနေကြသည့် ကလေးငယ်များ။




စာအုပ်စာစောင်များ ဝယ်ယူအားပေးနေမှု။



ကလေးငယ်များအား ပုံတူရုပ်ပြောင် ဆွဲပေးနေမှု။



ခြင်းလုံးအလှပြကစားနေမှု။



Team Building Game ကစားနေမှု။

# စားသုံးရန်မသင့်သောအစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသောအစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ်စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

ဈေးကွက်များတွင် ရောင်းချလျက်ရှိသောအစားအသောက်များကို ဈေးများ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာ အောက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့်ထုတ်လုပ်သော အစားအသောက်များ၌ ခွင့်မပြုဆိုးဆေးများပါဝင်ခြင်းတို့ကြောင့် စားသုံးရန်မသင့်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစားအသောက် ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသောဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**စားသုံးရန်မသင့်သော အစားအသောက်နမူနာများ**


ဝမဝ
အမှတ်တံဆိပ်ဇီးယို


မြကြယ် အမှတ်တံဆိပ်
ငရုတ်သီးအရောင်တင်မှုန့်


ပြိုင်ရှား အမှတ်တံဆိပ်
ရှောက်ပေါင်း(အစပ်)


စူပါ အမှတ်တံဆိပ်
ဆေးမန်ကျည်း


ရွှေပင်လယ် အမှတ်တံဆိပ်
ငါးပိ



MAX MAX အမှတ်တံဆိပ်
Fruity Flavoured Gelatine Jelly with Marshmallow



Fancy အမှတ်တံဆိပ်
Juice & Jelly


Well အမှတ်တံဆိပ်
အချိုရည်(လိမ္မော်ရောင်)


ပုရွယ် အမှတ်တံဆိပ်
ငရုတ်ပွအရောင်တင်မှုန့်


ပုံပုံ အမှတ်တံဆိပ်
ငရုတ်ဆီ


စူပါ အမှတ်တံဆိပ်
ရောင်စုံသကြားလုံး



ရွှေရာ အမှတ်တံဆိပ်
ရှယ်မျှင်ငါးပိထောင်း

## အမှတ်တံဆိပ်နှင့် အစားအသောက်အမျိုးအစားများ

| စဉ် | အစားအသောက်အမည် | အမှတ်တံဆိပ် | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | ဇီးယို | ဝမဝ | Orange II (ခွင့်မပြုဆိုးဆေး) |
| ၂။ | ငရုတ်သီးအရောင်တင်မှုန့် | မြကြယ် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၃။ | ရှောက်ပေါင်း(အစပ်) | ပြိုင်ရှား | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၄။ | ဆေးမန်ကျည်း | စူပါ | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၅။ | ငါးပိ | ရွှေပင်လယ် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၆။ | Gelatin jelly & marshmallow | Max Max | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၇။ | ပုစွန်အသားကပ်ကြော် | ကျော် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၈။ | Juice & jelly | Fancy | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၉။ | အချိုရည် (လိမ္မော်ရောင်) | Well | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၀။ | ငရုတ်ပွအရောင်တင်မှုန့် | ပုရွယ် | Sudan III (ခွင့်မပြုဆိုးဆေး) |
| ၁၁။ | ငရုတ်ဆီ | ပုံပုံ | Orange II (ခွင့်မပြုဆိုးဆေး) |
| ၁၂။ | ရောင်စုံသကြားလုံး | စူပါ | Rhodamine B Auramine O (ခွင့်မပြုဆိုးဆေး) |
| ၁၃။ | ရှယ်မျှင်ငါးပိထောင်း | ရွှေရာ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၄။ | သစ်သီးအရသာစုံ(အနီ) | ပြည့်ဝ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၅။ | သစ်သီးအရသာစုံ(မရမ်း) | ပြည့်ဝ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၆။ | သစ်သီးအရသာစုံ(သရက်) | ပြည့်ဝ | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၇။ | မက်မန်းနှင့်ယိုစုံ(မက်မန်း) | အပျိုစင် | Rhodamine B (ခွင့်မပြုဆိုးဆေး) |
| ၁၈။ | ငရုတ်ဆီ | ရွှေဇီးကွက် | Orange II (ခွင့်မပြုဆိုးဆေး) |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## စစ်တွေမြို့နယ် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ကျေးရွာများသို့ကွင်းဆင်းပြီး အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်



**စစ်တွေ ဇန်နဝါရီ ၂၉**

စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ကြည်ကြည်သာ၊ မြို့နယ်ကျန်းမာရေးမှူး ဦးစောဝင်းမောင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ကျောက်တန်းချေကျေးရွာသို့ ရောက်ရှိပြီး ဆေးခန်းများဖွင့်လှစ်ပေး၍ အခမဲ့ဆေးဝါးကုသမှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆေးခန်းဖွင့်လှစ်ရာသို့ ကျောက်တန်းချေကျေးရွာအပါအဝင် အနီးအနားရှိကျေးရွာများမှ နေမကောင်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ရဟန်းသံဃာများ လာရောက်ပြသခဲ့ရာ စုစုပေါင်း ၉၈ ဦးအား ဆေးဝါးအခမဲ့ ကုသပေးခဲ့သည်။

အဆိုပါ အခမဲ့ဆေးဝါးကုသရေးလုပ်ငန်း ဆောင်ရွက်ရာသို့ ပါဒလိတ်ကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဦးမြင့်ဌေးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိ/ရပ်ဖများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



## မော်ဘီမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီက ပြည်သူ့အကျိုးပြုလုပ်ငန်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ပြုလုပ်ရာ မော်ဘီတပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းကိုကို ဦးစီး၍ အရာရှိစစ်သည်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ဦး ဦးစီး၍ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင် ဦးစီး၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ဦးစီး၍ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်မူမြင့် ဦးစီး၍ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးအေးသိန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိ ဦးစိုးဝင်း ဦးစီး၍ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ စုစုပေါင်းအင်အား ၃၁၈ ဦးတို့က ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များစွန့်ပစ်ခြင်းများကို စည်ပင်အမှိုက်သိမ်းယာဉ်သုံးစီးဖြင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးသန့်(IPRD)**

## မူခင်းလျော့နည်းကျဆင်းရေးနှင့် ရထားအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန်ဘူတာ၌ ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းမှစတင်၍ ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ အင်းစိန်ရထားရဲစခန်းမှူး ရဲအုပ်ခင်ဇော်ဦး ဦးစီးပြီး နယ်ထိန်းရဲတပ်ကြပ်သန်းထွေးနှင့် တပ်ဖွဲ့ဝင်များသည် ယခုအချိန်၌ ရထားစီးခရီးသည် များပြားလာသည့်အတွက် ခရီးသည်များ အန္တရာယ်ကင်းချောမွေ့စွာ လိုက်ပါစီးနင်းနိုင်စေရန် ကွင်းဆင်း၍ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ပံ့ပိုးကူညီဆောင်ရွက်ရာတွင် မြန်မာ့မီးရထား အင်းစိန်ဘူတာ(အထူးတန်း)ရုံပိုင်ကြီး ဦးမင်းမင်းဦးနှင့် ရထားရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး အင်းစိန်ဘူတာရှိရထားစီးခရီးသွားပြည်သူများအား မှုခင်းလျော့နည်းကျဆင်းရေး၊ ရထားအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ညဏ်လင်း(အင်းစိန်)

■

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဗီးနပ်စ်ဝီလျံအား အနိုင်ယူ၍ ဩစတြေးလျအိုးပင်း ချန်ပီယံဆုကို ဆရီနာဝီလျံဆွတ်ခူး




ဇန်နဝါရီ ၂၈ ရက်က ယှဉ်ပြိုင်ခဲ့သည့် ဩစတြေးလျအိုးပင်း ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံက အစ်မဖြစ်သူ ဗီးနပ်စ်ဝီလျံကို ၆-၄၊ ၆-၄ဖြင့် နှစ်ပွဲပြတ်အနိုင်ယူ၍ သူ့အတွက် ၂၃ ခုမြောက် ဂရင်းစလင်း ချန်ပီယံဆုအဖြစ်ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။ ဆရီနာဝီလျံမှာ ယင်းသို့ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သဖြင့် စတက်ဖီဂရာ့ဖ်၏ ၂၂ခုမြောက် ဂရင်းစလင်း ချန်ပီယံဆုအရေအတွက်ကို ကျော်ဖြတ်နိုင်ပြီဖြစ်သလို ထာဝရ အများဆုံး ဂရင်းစလင်းချန်ပီယံဆုရှင် မာဂရက်ကော့၏ စံချိန်ကို လိုက်မီရန် တစ်ဆုသာလိုတော့သည့် အနေအထားကို ပိုင်ဆိုင်နိုင်ခဲ့သည်။

ဆရီနာဝီလျံက“ ကျွန်မ တင်းနစ်ကွင်းထဲရောက်ပြီဆိုရင် နိုင်ပွဲပဲရချင်ပါတယ်။ ဒီလိုစိတ်ဆန္ဒတွေကြောင့်လည်း အောင်ပွဲတွေ အခုလို ရရှိနေတာဖြစ်ပါတယ်။ အခုလို ဂရင်းစလင်း ချန်ပီယံဆုကို ၂၃ ကြိမ် ဆွတ်ခူးနိုင်ခဲ့တယ်ဆိုတာ တကယ်ကောင်းမွန်တဲ့ ခံစားချက်ပါ”ဟု ဆုလက်ခံရယူအပြီးတွင် ပြောကြားခဲ့သည်။

ယခုကဲ့သို့ ဗိုလ်စွဲပြီးနောက် ဆရီနာဝီလျံမှာ ဂျာမန်တင်းနစ်မယ် အိန်ဂျလိခ်ကာဘာထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည် လက်လွှဲရယူနိုင်ခဲ့သည်။ ဆရီနာဝီလျံကို ရှုံးနိမ့်ခဲ့သည့် ဗီးနပ်စ်ဝီလျံမှာမူ ကမ္ဘာ့အဆင့် (၁၇)နေရာမှ အဆင့်(၁၁)နေရာသို့ တက်လှမ်းနိုင်လာခဲ့သည်။ ဗီးနပ်စ်ဝီလျံကလည်း ၂၀၀၉ခုနှစ်နောက်ပိုင်း ဂရင်းစလင်းဗိုလ်လုပွဲအဆင့်သို့ တက်ရောက်လာနိုင်မှုနှင့်အတူ ၂၀၁၇ခုနှစ်အတွင်း ချန်ပီယံဆုကို စိန်ခေါ်နိုင်သည့် အသင့်အနေအထား ရောက်ရှိနေပြီဟု ကြွေးကြော်ခဲ့သည်။

# ဆီနီဂေါအသင်း ရှုံးနိမ့်မှုကို ဝမ်းသာနေတဲ့ လီဗာပူးပရိသတ်များ




အာဖရိကဖလားပြိုင်ပွဲမှာ ဆီနီဂေါအသင်းက ကင်မရွန်းအသင်းကို ပင်နယ်တီနဲ့ ရှုံးနိမ့်ခဲ့ရလို့ ဆီနီဂေါတိုက်စစ်မှူး မာနေး လီဗာပူးအသင်းအတွက် ပြန်လည်ဝင်ရောက်ကစားတော့မှာဖြစ်တဲ့အတွက် လီဗာပူးပရိသတ်တွေ ကျေနပ်ပျော်ရွှင်ခဲ့ကြပါတယ်။ လီဗာပူးအသင်းက အက်ဖ်အေဖလားပြိုင်ပွဲမှာ ဝုဖ်အသင်းကို အရေးနိမ့်ခဲ့ပေမယ့် မာနေးရဲ့ ဆီနီဂေါအသင်းရှုံးနိမ့်မှုကြောင့် လီဗာပူးပရိသတ်တွေ အာရုံပြောင်းပြီး ကျေနပ်ခဲ့ကြတယ်ဆိုတာ လီဗာပူးအသင်းရဲ့ ဝက်ဘ်ဆိုက်တွေပေါ်က မှတ်ချက်တွေကနေတစ်ဆင့် သိခဲ့ကြရတာဖြစ်ပါတယ်။

အာဖရိကဖလားပွဲကြောင့် မာနေးဝင်ရောက်ကစားနိုင်ခြင်းမရှိကတည်းက လီဗာပူးအသင်းတိုက်စစ်ပိုင်း အားနည်းခဲ့ရပြီး နိုင်ပွဲတွေပျောက်ဆုံးနေခဲ့လို့ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့်(၄)နေရာထိ ရောက်ရှိသွားသလို အက်ဖ်ဖလား ပြိုင်ပွဲမှလည်း ထွက်ခွာခဲ့ရပြီဖြစ်ပါတယ်။ လီဗာပူးပရိသတ်တွေက ကော်တင်ဟိုနဲ့ ဖာမီနိုတို့နှစ်ဦးကောင်းပေမယ့်လည်း မာနေးမရှိရင် လီဗာပူးတိုက်စစ် အလုပ်မဖြစ်တာကြောင့် မာနေးရဲ့ ဆီနီဂေါအသင်း အခုလို အရေးနိမ့်ခဲ့တာက သူတို့ကို ကျေနပ်ပျော်ရွှင်စေခဲ့တယ်လို့ ရေးသားဖော်ပြကြတာဖြစ်ပါတယ်။ မာနေးက ဇန်နဝါရီလကတည်းက လီဗာပူးအတွက် ဝင်ရောက်ကစားပေးနိုင်ခြင်းမရှိပေမယ့် ၁၉ ပွဲဝင်ရောက်ကစားပြီး

# ဂရစ်ဇ်မန်း နေရာ ဆန်းချက်ဇ် ဖြင့် အစားထိုးရန် အက်သလက်တီကို ကြိုးပမ်း




စပိန်ကလပ် အက်သလက်တီကိုအသင်းသည် လာမည့် နွေဈေးကွက်အတွင်း အသင်းမှ ထွက်ခွာရန်ရှိနေသည့် တိုက်စစ်မှူးဂရစ်ဇ်မန်း နေရာတွင် အာဆင်နယ်တိုက်စစ်မှူး အလက်ဆစ်ဆန်းချက်ဇ်ဖြင့် အစားထိုးရန် ချိတ်ဆက်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။ အက်သလက်တီကိုသည် ဆန်းချက်ဇ်အား တစ်ပတ်လုပ်ခ ပေါင် ၂၂၀၀၀၀ ပေးချေမည်ဟု ကမ်းလှမ်းခဲ့ပြီး အက်သလက်တီကို အသင်းတာဝန်ရှိသူများနှင့် ဆန်းချက်ဇ်၏ ကိုယ်စားလှယ်တို့ ဆွေးနွေးညှိနှိုင်းမှု စတင်ဆောင်ရွက်နေပြီဖြစ်သည်။ ဆန်းချက်ဇ်နှင့် အိုဇေးလ် တို့အတွက် အာဆင်နယ်မှ တစ်ပတ် လုပ်ခပေါင် ၁၈၀၀၀၀ဖြင့် စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားသော်လည်း နှစ်ဦးစလုံးကပေါင် ၂၅၀၀၀၀ တောင်းဆိုထားရာ စာချုပ်သစ်ကိစ္စပြေလည်မှု မရသေးခြင်းဖြစ်သည်။ အာဆင်နယ်အသင်းကလည်း ဆန်းချက်ဇ်အား စာချုပ်သက်တမ်းတိုးမြှင့်ရေးကိစ္စ မဆောင်ရွက်နိုင်ပါက ဒေါ့မွန်ကွင်းလယ်ကစားသမား မာကိုရူးစ်ကို ပြောင်းရွှေ့ကြေး ပေါင် ၅၁ သန်းဖြင့် အစားထိုးခေါ်ယူမည်ဖြစ်သည်။ တိုရီနို တိုက်စစ်မှူးဘာလော့တီ၊ မာကိုရူးစ်တို့မှာ အာဆင်နယ်၏ ထိပ်တန်းပစ်မှတ်များဖြစ်ကြောင်း အဆိုပါ သတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

## အားကစားလောက သတင်းတိုများ

◆ ယူကရိန်းတောင်ပံတိုက်စစ်မှူး ယာမိုလန်ကိုအနေဖြင့် မကြာမီအချိန်အတွင်း အင်္ဂလန်မြေသို့ ခြေချတော့မည်ဖြစ်ကြောင်း The Sun သတင်းဌာနက အတိအကျဖော်ပြသည်။ ယာမိုလန်ကိုအား ပရီမီယာလိဂ်ကလပ်အသင်းများဖြစ်သည့် စပါး၊ အဲဗာတန်နှင့် စတုတ်စီးတီးတို့က ခေါ်ယူရန်အကြိမ်ကြိမ် ချိတ်ဆက်ကမ်းလှမ်းခဲ့သော်လည်း ယာမိုလန်ကို၏ ကလပ်အသင်း ဒိုင်နမိုကိဗ်က နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းရန် ကြိုးပမ်းခဲ့သည်။ သို့သော် ယခုမူ ပြောင်းရွှေ့ကြေး ပေါင်၁၀သန်း၊ တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းဖြင့် ထပ်မံကမ်းလှမ်းခဲ့ရာ ကစားသမား၏ဆန္ဒအရ အင်္ဂလန်မြေသို့ ထွက်ခွာရန် ခွင့်ပြုရတော့မည်ဖြစ်သည်။

◆ စပါးနည်းပြ ပိုချက်တီနိုက ခရစ္စတယ်ပဲလေ့စ်တိုက်စစ်မှူး ဇာဟာကို ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဇာဟာ အာဖရိကဖလားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခြင်းမပြုမီကပင် စပါးအသင်းက ခေါ်ယူရန် တောက်လျှောက် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ သို့သော် ပဲလေ့စ်နည်းပြသစ်ဆမ်အလာဒိုက်စ်ကမူ ဇာဟာမှာ ရောင်းချမည့်ကစားသမား စာရင်းတွင် ပါဝင်သူမဟုတ်ဟု တုံ့ပြန်ထားပြီးဖြစ်သည်။

**မေလဲ့သင်း-စုစည်းသည်**

# ၂၀၁၇ Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဂျပန်ကစားသမား မီယာဇာတို ဆက်လက်ဦးဆောင်

**ရန်ကုန် ဇန်နဝါရီ ၂၉**

၂၀၁၇ ခုနှစ် Leopalace 21 မြန်မာအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကို ယမန်နေ့ နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပရာ ဂျပန်ကစားသမား ယူဇာကူမီယာဇာတိုက ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသည်။ မီယာဇာတိုသည် ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်လျက်ရှိသော်လည်း အခြားကစားသမားများ၏ ဖိအားပေးမှုကြောင့် နောက်ဆုံးနေ့ပွဲများမှာ အကြိတ်အနယ်ရှိလာဖွယ်ရှိနေသည်။

တတိယနေ့အပြီးတွင် ယူဇာကူမီယာဇာတို(ဂျပန်)က ၁၁ ချက်လျှော့ရိုက်ပြီး ထိပ်ဆုံးတွင် ဦးဆောင်လျက်ရှိကာ ကမ်(တောင်ကိုရီးယား)က ၁၀ ချက်လျှော့ဖြင့် ဒုတိယ၊ ရှိုဝမ်ကမ်(အမေရိကန်)က ကိုးချက်လျှော့ဖြင့် တတိယ၊ တောထိဆင်းနော့(ဩစတြေးလျ)၊ ကားလို့စ်ပီဂျမ်(စပိန်)၊ မီဂူယယ်တာဘူးနား(ဖိလစ်ပိုင်)တို့က ရှစ်ချက်စီ လျှော့ရိုက်ကာ အဆင့် ၄၊ အဒမ်ဘလန်း(ဩစတြေးလျ)၊ ဒန်နီယယ်ချော်ပရာ(ဆွီဒင်)၊ ဒေးဗစ်(အမေရိကန်)နှင့် ကန်ကွမ်နန်(တောင်ကိုရီးယား)တို့က ခုနစ်ချက်စီ လျှော့ရိုက်ကာ အဆင့် ၅ နေရာတို့တွင် ရပ်တည်လျက်ရှိသည်။ ပြိုင်ပွဲနောက်ဆုံးနေ့ပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ကာ ကံစမ်းမဲနှင့်ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-ဖိုးသော်ဇင်**



ဂျပန်ကစားသမား မီယာဇာတို

# လီဗာပူးအသင်းအရှုံးအတွက် မိမိသာ ရာနှုန်းပြည့် တာဝန်ရှိဟု ဂျာဂန်ကလော့မှတ်ချက်ပြု

အက်ဖ်အေ ဖလားပြိုင်ပွဲတွင် လီဗာပူးအသင်းသည် ဝုဖ်အသင်းအား အိမ်ကွင်းအန်းဖီးလ်မှာပင် နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် တစ်ပတ်အတွင်း သုံးပွဲမြောက်ရှုံးပွဲကြုံခဲ့ရာ ယင်းအရှုံးအတွက် မိမိမှာသာလျှင် ရာနှုန်းပြည့် တာဝန်ရှိကြောင်း နည်းပြဂျာဂန်ကလော့က ပြောကြားလိုက်သည်။ လီဗာပူးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ဆွမ်ဆီးအသင်းအား သုံးဂိုး-နှစ်ဂိုး၊ အီးအက်ဖ်အယ်လ်ဖလား အကြိုဗိုလ်လုပွဲ၌ ဆောက်သမ်တန်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့ပြီးနောက် ယခုလည်း အက်ဖ်အေဖလားပြိုင်ပွဲတွင် ဝုဖ်အသင်းအား ထပ်မံအရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ကလော့က “ကျွန်တော်တို့ အခွင့်အရေးတွေ ကောင်းကောင်း ဖန်တီးနိုင်မှုမရှိသလို ကစားအားလည်း မကောင်းခဲ့ပါဘူး။ ဒါပေမယ့် ဒီကိစ္စအတွက် ကျွန်တော် ကစားသမားတွေကို အပြစ်တင်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်သာ ရာနှုန်းပြည့် တာဝန်ရှိသူပါ” ဟု ပြောကြားခဲ့သည်။

ကလော့က လီဗာပူးအသင်း၏ ခံစစ်အားနည်းမှုကို ဝန်ခံခဲ့သလို ယခုထက် ကစားအားပိုမိုကောင်းမွန်အောင် ပြင်ဆင်ရတော့မည်ဟုလည်း ပွဲအပြီးတွင် ထည့်သွင်းပြောကြားခဲ့သည်။ လီဗာပူးအသင်းသည် လာမည့် ဇန်နဝါရီ၃၁ရက်တွင် ပရီမီယာလိဂ်အမှတ်ပေးဇယား ဦးဆောင်သူချယ်လ်ဆီးအသင်းနှင့်တွေ့ဆုံယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပွဲမှာ လီဗာပူးအတွက် အဓိကစမ်းသပ်ခံရမည့် ပွဲစဉ်ဖြစ်လာမည်ဖြစ်သည်။

# ဂျိုင်း-ကော့ကရိတ်တံတားပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား



**ဘားအံ ဇန်နဝါရီ ၂၉**
ကရင်ပြည်နယ်၏ အဓိက ဆက်သွယ်ရေးလမ်းကြောင်းနှင့် ကုန်သွယ်ရေး လမ်းကြောင်းပေါ်တွင်တည်ရှိသော ဂျိုင်း-ကော့ကရိတ်တံတားပေါ်တွင် ဇန်နဝါရီ ၂၉ ရက် နံနက် ၅ နာရီခွဲခန့်က ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ဘားအံမှ ကော့ကရိတ်ဘက်သို့ မောင်းနှင်လာသော ၂၂ ဘီး အစ်ဇူဇူးတွဲကားသည် တံတားပေါ် ဖြတ်သန်းသွားစဉ် စလစ်ဖြစ်၍အရှိန်မထိန်းနိုင်ဘဲ တံတား ဘယ်ဘက်ခြမ်း အကန့် ၁၉ နှင့် ၂၁ ကိုတိုက်မိပြီး တံတား ယာဘက်ခြမ်းအကန့် ၂၀ ကို ပွတ်တိုက်ကာ ဘယ်ဘက်ခြမ်း အကန့် ၂၂ ကိုထပ်မံတိုက်မိပြီး ကားခေါင်းမှာ တစ်တောင် ဆစ်ချိုးကွေ့လျက် ကျုံ့ဒိုးဘက်ခြမ်း ချဉ်းကပ်လမ်းနှင့် ပေ ၂၀ အကွာခန့်တွင် ရပ်တန့်ကာ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကြောင့် တံတားလက်ရန်းအကန့် ၁၉၊ ၂၁၊ ၂၂ တို့ ပျက်စီးသွားပြီး ယာဉ်ကြောပိတ်ဆို့လျက်ရှိသဖြင့် ယာဉ်ကြီးယာဉ်ငယ်များ ပုံမှန်သွားလာနိုင်ရေး ဂျိုင်းပွန်တွန်း (Pontoon)တံတားမှ ဖြတ်သန်းစေလျက်ရှိပြီး ယာဉ်မောင်းအား ကော့ကရိတ်မြို့နယ် ကျုံ့ဒိုး ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# နဘား-မြစ်ကြီးနား ခေါက်ပြန်အဆန်ရထားနှင့် မာဇဒါကားတိုက်မိ

**မိုးညှင်း ဇန်နဝါရီ ၂၉**
ကချင်ပြည်နယ် မိုးညှင်းမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မြို့ရှောင်ကားလမ်းနှင့် မီးရထားလမ်းဆုံတွင် အိမ်စီးမော်တော်ယာဉ်နှင့် မီးရထားတိုက်မိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် မိုးညှင်းမြို့၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ အင်ကြင်းကုန်းကျေးရွာအနီး ရထားလမ်း မိုင်တိုင်အမှတ်(၆၃၅/၁၅)နှင့် (၆၃၅/၁၆) အကြား မိုးညှင်းမြို့ရှောင်ကားလမ်းနှင့် မီးရထားလမ်းအဆုံတွင် အိမ်စီးမော်တော်ယာဉ်နှင့် မီးရထားတို့တိုက်မိခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာသို့ မိုးညှင်းမီးရထားတပ်ဖွဲ့စုမှူး ဒုရဲအုပ်သိန်းလွင်နှင့် တပ်ဖွဲ့ဝင်များ၊ မိုးညှင်းမြို့မရဲစခန်းမှ တာဝန်မှူး၊ ဒုရဲအုပ်ကျော်မင်းထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မိုးညှင်းမြို့ မြန်မာ့မီးရထားလုပ်ငန်း သံလမ်းဌာန အငယ်တန်းအင်ဂျင်နီယာ ဦးသန်းစိုးနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ချက်အရ မိုးညှင်းဘူတာဘက်မှ မြစ်ကြီးနားဘက်သို့ စက်ခေါင်းမောင်း ဦးဇော်လင်း မောင်းနှင်ပြီး ရထားထိန်း ဦးပြုံးချို လိုက်ပါလာသော အမှတ်(၄၉)နဘား-မြစ်ကြီးနား ခေါက်ပြန်အဆန်ရထားနှင့် မိုးညှင်းမြို့ရှောင်လမ်းအတိုင်း အရှေ့မှ အနောက်သို့ ယာဉ်မောင်း အောင်သူလတ် မောင်းနှင်လာသော MAZDA အမျိုးအစား အနက်ရောင် ယာဉ်အမှတ်(7G/----)သည် သံလမ်းဖြတ်ကူးစဉ် ရထားစက်ခေါင်းကို တိုက်မိခဲ့သည်။

ထိုသို့တိုက်မိသဖြင့် မော်တော်ယာဉ်ရှေ့ခြမ်းဘန်ကာ ပြုတ်ကျပျက်စီး၊ ရှေ့ယာဘက်မီးသီးကွဲ၊ ရေတိုင်ကီ အနည်းငယ်ပိန်ကာ ယာဉ်မောင်းနှင့် မီးရထားအပေါ်ပါလာသော ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မော်တော်ယာဉ်အား မဆင်မခြင်မောင်းနှင်သော အောင်သူလတ်အား မိုးညှင်းမြို့မရဲစခန်းက (ပ)၁၄/၂၀၁၇ ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေပုဒ်မ(၈၅)ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(နီတိုး)**



# မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**
မူးယစ်တပ်ဖွဲ့စု(၃၅)မြိတ်မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၈ ရက်က မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု သာရမဲကျေးရွာနေ ရန်ကျော်၊ အောင်ဇော်လင်း၊ ရန်အောင်၊ မောင်စိုးတို့၏နေအိမ်တို့ကို ရှာဖွေရာ ရန်ကျော်၏နေအိမ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းစာမှုန့် ၆ ဒသမ ၅ ကီလိုကို လည်းကောင်း၊ အောင်ဇော်လင်း၏နေအိမ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းစာမှုန့် ၉ ဒသမ ၆ ကီလိုကိုလည်းကောင်း၊ ရန်အောင် ၏နေအိမ်မှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ဘိန်းစာမှုန့် သုည ဒသမ ၆၈ ကီလိုကိုလည်းကောင်း၊ မောင်စိုး၏နေအိမ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်ထားသော ဘိန်းစာမှုန့် သုည ဒသမ ၀၅၈ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ရန်ကျော်(ခ)ကျော်ကျော်(၂၂)နှစ်၊ အောင်ဇော်လင်း(၂၀)နှစ်၊ ရန်အောင်(၂၄)နှစ်နှင့် မောင်စိုး(ခ) ရခိုင်(၂၉)နှစ်တို့ လေးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ ဇန်နဝါရီ ၂၈ ရက်က ကသာမြို့မရဲစခန်းက(ပ) ၄၃/၂၀၁၇ ပို့ကုန်/သွင်းကုန်ဥပဒေပုဒ်မ(၈)အမှုမှ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ယာဉ်အမှတ် YGN-6F/---- နံပါတ်တပ်ဆင်ထားသည့် HONDA CRV အမျိုးအစားလိုင်စင်မဲ့မော်တော်ယာဉ်ကို မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့်ရှာဖွေရာ ယာဉ်၏နောက်ခန်းကြမ်းခင်းတွင် အံဝှက်ပြုလုပ်၍ သိုဝှက်ထားသော ဘိန်းဖြူဆပ်ပြာခွက် ၃၃ ခွက် (အလေးချိန် ၃၉၆ ဂရမ်) နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် ပြုံးချို(ခ)တင်ထွေး(၃၇)နှစ်နှင့် မြင့်အောင်(ခ)အောင်အောင်တို့နှစ်ဦး **(အောက်ပုံ)**အပေါ် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

ဝ




# လသာမြို့နယ်တွင် ခါးပိုက်နှိုက်သုံးဦး ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၂၉**
ရန်ကုန်မြို့ လသာမြို့နယ်၌ တရုတ်နှစ်သစ်ကူးပွဲတော်ကျင်းပစဉ် ဇန်နဝါရီ ၂၈ ရက် နံနက် ၁၁ နာရီတွင် (၃)ရပ်ကွက် လသာလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၌ စတုဒိသာစားသုံးရန် တန်းစီစောင့်နေသည့် လူများထံမှ ခါးပိုက်နှိုက်မှုကျူးလွန်နေသည်ဟုမသင်္ကာသူ ပုဇွန်တောင်မြို့နယ်နေ သက်နိုင်(၅၈)နှစ်အား တွေ့ရှိသဖြင့် ထိန်းသိမ်းရှာဖွေရာ ၎င်းဝတ်ဆင်ထားသော အနွေးထည်အင်္ကျီအိတ်ကပ်အတွင်းမှ ငွေကျပ် ၉၀၀၀ နှင့် ခေါက်ဓားနှစ်ချောင်းကို တွေ့ရှိခဲ့သည်။ ၎င်းကိုစစ်မေးရာ အသက်(၅၀)နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး လွယ်ထားသော စလင်းဘက်အိတ်အတွင်းမှ နှိုက်ယူခဲ့သော ငွေများဖြစ်ပြီး ဓားနှစ်ချောင်းမှာ ခါးပိုက်နှိုက်ယူရာတွင် အသုံးပြုရန် ယူဆောင်လာခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် သက်နိုင်အား လသာမြို့မရဲစခန်းက (ပ)၂၄/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/၅၄ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့သည်။

၎င်းပြင်ရဲတပ်ဖွဲ့ဝင်များသည် ယင်းနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လသာမြို့နယ် (၅)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် (၂၂)လမ်းထိပ်၌ လူငယ်နှစ်ဦးက ၎င်းတို့၏ ရှေ့မှသွားနေသော အသက်(၁၅)နှစ်ခန့်ရှိ အမျိုးသားတစ်ဦးကို တိုးဝှေ့ပူးကပ်ပြီး ၎င်းလွယ်ထားသောကျောပိုးအိတ်အတွင်းမှ လက်ကိုင်ဖုန်းကို နှိုက်ယူကာ လွှဲပြောင်းပေးနေစဉ် တွေ့ရှိသဖြင့် အဆိုပါလူငယ်နှစ်ဦးကို ဖမ်းဆီးစစ်ဆေးခဲ့ရာ ဒလမြို့နယ်နေသူများဖြစ်ကြသည့် တရုတ်လေး(ခ) ဟိန်းကိုကို (၂၄)နှစ်နှင့် ကိုဖြိုး(ခ)ပြည့်ဖြိုးလွင်(၁၉)နှစ်တို့ ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့နှစ်ဦးအား လသာမြို့မရဲစခန်းက (ပ)၂၆/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

မြန်မာတို့ တက်ကျမ်း ကမ္ဘာသို့ တက်လှမ်း လူငယ်တို့ လျှောက်စမ်း

နိုင်ငံတကာသတင်းဂျာနယ်

2017 JANUARY 30 TO FEBRUARY 5 MONDAY (3087)

အထူးအမှတ် ဆောင်းပါးအမြင်

ကိုယ်ကျိုးစီးပွားကာကွယ်ရေး အတ္တကိုသာ ဦးစားပေး

မျက်မှောက်ခေတ် အကြီးမားဆုံး အကြမ်းဖက်စစ်ပွဲ

ကျင့်ဝတ်ကိုလိုက်နာသည့် ခေါင်းဆောင်များ အလိုရှိသည်

မောင်းသူမဲ့ပုံးသယ်လေယာဉ်များနှင့် အိုင်အက်စ်တို့၏ နည်းပျူဟာ

အမေရိကန်သမ္မတအသစ် ထရန့်နှင့် ချူကလီးယား ကုတ်နံပါတ်များ

တောင်တရုတ်ပင်လယ်၏ အချုပ်အခြာအာဏာကို တရုတ် ကာကွယ်စောင့်ရှောက်မည်

တနင်္လာနေ့တိုင်း ထွက်ပြီ

နယ်စာဖတ်ပရိသတ်များ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ်(၅၈)၊ ကိုယ်မင်းကိုယ်ချင်းလမ်း။
မြန်မာ့အလင်းပုံနှိပ်တိုက်၊ ဗဟန်းမြို့နယ်။
ဖုန်း - ၀၁-၅၅၈၃၂၆၊ ၀၁-၅၅၈၃၂၉၊ ၀၁-၅၅၆၅၁၇
E-mail:internationaljournalmm@gmail.com

နှင်းဒီဒီက တည်းဖြတ်ထုတ်ဝေသည့် အလှအပများနှင့် သံစဉ် မဂ္ဂဇင်း




• သတို့သမီး မိတ်ကပ်နဲ့ မင်္ဂလာဝတ်စုံတွေကို စိတ်တိုင်းကျပြင်ဆင်ပေးမယ့် မိတ်ကပ် ညီညီမောင် (စမ်းချောင်း) • အသက်အရွယ် ကွာခြားတာထက် နားလည်မှုက ပိုအရေးကြီးတယ်ဆိုတဲ့ မင်းဦးနဲ့ ခိုင်ဝေသူ • အချစ်များစွာနှင့် ဖြိုးပြည့်စုံ • အချစ်ဆိုတာ လူတွေကိုပေးတဲ့ စွမ်းအားတစ်ခုလို့ ခံယူထားတဲ့ Aaron နဲ့နန်းဓမား • နားလည်မှုတွေနဲ့ ရှေ့ဆက်ကြမယ့် အောင်ရဲထိုက်နဲ့ သျှားထွဋ်အိန္ဒြာ • အချစ်ကြောင့် ကြီးစားချင်တဲ့စိတ် ဖြစ်စေတယ်ဆိုတဲ့ အောင်ပြည့်ဖြိုးကျော်နဲ့ သီရိရှင်းသန့် • အိပ်မက်ဆုံရာ(ရာသက်ပန်) Season 4 ဆုရှင်ပိုင်မင်းဟိန်း
• ဟန်လေးရဲ့ Fashion • Myanmar Idol season2 ရဲ့ Top 10
• အထီးကျန်အာကာသခရီးသည် ရေစွပရက်(တ်)
• Maykhalar skin care ကိုမိတ်ဆက်ပေးတဲ့ မေခလာ
• မောင်သန်းဆွေ (ထားဝယ်) ရဲ့ ဆုပန်ကလျာရှာပုံတော်
• ချစ်စံအိမ်လေးထဲက ရိုန်းနဲ့ ကင်ထယ်ဟီး • ရတနာဂီရိအလွမ်း

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃ ၀၉ ၇၉၅ ၃၃၄ ၂၅၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့၊ ကျပ်ပြင်အုပ်စု၊ ကျပ်ပြင်မြို့မရပ်၊ အမှတ်-မ/၂၉၂ ဖြစ်သော ကွင်း/အကွက်အမှတ်နှင့်အမည် မြို့ကွက်အမှတ်(၈)/မြို့မအနောက်ရပ်၊ ဦးပိုင်အမှတ်-၃၊ မြေအကျယ်-၀. ၁၀၉ ဧကအကျယ်ရှိ ဂရန်မြေကွက်မှာ ဒေါ်ခင်ခင် (အဖ-ဦးသာရင်) ၉/မကန (နိုင်) ၀၃၁၀၄၁၊အမည်ပေါက်ပါသည်။ ဒေါ်ခင်ခင်နှင့်ခင်ပွန်း ဦးမောင်ကိုတို့ ကွယ်လွန်ခဲ့ပြီးနောက် ကျန်ရစ်သူသားများဖြစ်ကြသော ၁။ ဦးမောင်ဇော်၉/မကန(နိုင်)၀၃၁၅၁၃၊ ၂။ ဦးကျော်သူရ ၉/မကန(နိုင်)၀၃၁၅၁၅၊ ၃။ ဦးမောင်မောင်ဝင်း ၉/မကန(နိုင်)၀၃၁၅၂၉၊ နှင့်မြေးများဖြစ်ကြသည့် ၄။ မဝေမိမိကို ၉/မကန(နိုင်) ၁၂၀၉၀၆၊ ၅။ မဇင်ထက်ထက်ကို ၉/မကန(နိုင်)၁၂၈၆၁၃၊တို့က အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံရရှိကာ ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါဂရန်မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် ဤကြော်ငြာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးကို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၈၈၂)**
**အမှတ်-ဃ/၂၅၊ အောင်နန်းရပ်၊ မြို့မရပ်ကွက်အုပ်စု၊ မိုးကုတ်မြို့။**
**ဖုန်း-၀၉-၂၅၆၀၅၆၈၈၉၊ ၀၈၆-၂၁၁၁၇**

**Think Tank Project Management & Consulting Company Limited**

**အစုရှယ်ယာရှင်များ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း**
**မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈(င)အရ**
**အပြီးသတ်နောက်ဆုံး အစည်းအဝေးဖိတ်ကြားခြင်း**

အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှယ်ယာရှင်များ၏ အပြီးသတ်နောက်ဆုံးအစည်းအဝေးကို ၂၇-၂-၂၀၁၇ရက် နံနက် ၁၁း၀၀နာရီတွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သီရိမင်္ဂလာ(၁၃)လမ်း၊ အမှတ်-၂၆၂(ဘီ)ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အစုရှင်များအားလုံး တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ယင်းအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်း ဖျက်သိမ်းသွားမည်ဖြစ်ပါသည်။

**ဒေါ်မေစီ**
**(B.Com,C.P.A)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဖုန်း-၀၁၅၂၂၆၈၄၊ ၀၉၅၀၄၂၄၄၇**

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

# ဟန်းနီးမွန်းခရီးမှ ပြန်လည်ရောက်ရှိလာပြီဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီး




ယခုလရဲ့ လလယ်ပိုင်းမှာ မင်္ဂလာပွဲဆင်နွှဲခဲ့ကြတဲ့ တောင်ကိုရီးယားရဲ့ နာမည်ကျော် အနုပညာရှင်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ လတ်တလောမှာ မင်္ဂလာဦးဟန်းနီးမွန်းခရီးမှ တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်မှာ မင်္ဂလာပွဲကို တိတ်တဆိတ်ကျင်းပခဲ့တဲ့ အဆိုပါ ကြယ်ပွင့်စုံတွဲဟာ ဇန်နဝါရီ ၂၂ ရက်မှာ အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ဘာလီကျွန်းကို ဟန်းနီးမွန်းထွက်ခဲ့ကြတာဖြစ်ပါတယ်။ ဘာလီကျွန်းမှာ ငါးညအိပ်၊ ခြောက်ရက်ကြာ လည်ပတ်ခဲ့ပြီးတဲ့နောက်မှာတော့ ဇန်နဝါရီ ၂၇ ရက်မှာ တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြတာဖြစ်ပါတယ်။

ချမ်းသာတဲ့စာရင်းဝင်အနုပညာရှင်နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားဟာ ပြောစရာတွေနဲ့ပြည့်နေခဲ့ပြီး ပုံမှန်ဟန်းနီးမွန်းခရီးစဉ်လို့ဆိုနိုင်တဲ့ ဘာလီကျွန်းသို့သာ ဟန်းနီးမွန်းထွက်ခဲ့ခြင်းဟာ ပရိသတ်အများကို ထပ်မံအံ့သြစေခဲ့ပါတယ်။ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ မင်္ဂလာပွဲကိုလည်း ရိုးရှင်းစွာကျင်းပခဲ့ပြီး ပကာသနမပါတဲ့ အဆိုပါမောင်နှံရဲ့မင်္ဂလာပွဲဟာ ကိုရီးယားဝမ် တစ် ဒသမ သုံးသန်းခန့်သာ ကုန်ကျခဲ့ကြောင်းလည်း သိရပါတယ်။



# အနုပညာပြတိုက်ထဲက သူတို့နှစ်ဦး

ဂီတကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုမက်ဇ်နဲ့ အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းဒ်တို့နှစ်ဦးဟာ လတ်တလောမှာ အီတလီနိုင်ငံကို ရောက်ရှိနေပြီး ဖလောရန့်စ်မြို့မှာရှိတဲ့ အနုပညာပြတိုက်သို့ သွားရောက်လည်ပတ်ခဲ့ကြကြောင်း ယူအက်စ်မဂ္ဂဇင်းဒေါ့ကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ဆယ်လီနာဂိုမက်ဇ်နဲ့ သယ်ဝိခ်ကန်းဒ်တို့ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၇ ရက်က အဆိုပါအနုပညာပြတိုက်ကို သွားရောက်လည်ပတ်ခဲ့ပြီး အဆိုပါပြတိုက်အတွင်းက သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ အွန်လိုင်းမီဒီယာတွေမှာ ပျံ့နှံ့လာခဲ့ကာ အချို့သောမီဒီယာတွေက ယင်းအနုပညာပြတိုက်အတွင်းရိုက်ကူးထားတဲ့ ဂီတကြယ်ပွင့်စုံတွဲရဲ့ ပုံရိပ်တွေဟာ အီတလီခရီးစဉ်အတွင်း အလှဆုံးသောပုံရိပ်တွေဖြစ်ကြောင်း ဆိုကြပါတယ်။ အဆိုပါဓာတ်ပုံတွေထဲမှာ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာနေကြတဲ့ သူတို့စုံတွဲကို တွေ့မြင်ကြရမှာလည်း ဖြစ်ပါတယ်။

အဆိုပါအီတလီခရီးစဉ်အတွင်း အသက် (၂၄)နှစ်အရွယ် ဆယ်လီနာဂိုမက်ဇ်နဲ့ (၂၆)နှစ်ရှိပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်တို့ဟာ ဖလောရန့်စ်မြို့မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်ကို ငှားရမ်းကာ အဆိုပါစားသောက်ဆိုင်မှာ နှစ်ဦးတည်း သီးသန့်နေ့လယ်စာစားပွဲတစ်ခုကို ဆင်နွှဲခဲ့ကြောင်းလည်း သိရပါတယ်။

# မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့်အတွက် သမိုင်းထဲက ရုပ်ရှင်အစီစဉ်ရိုက်ကူး

မြန်မာ့ရုပ်ရှင်နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် တစ်ချိန်က အောင်မြင်ကျော်ကြားခဲ့သည့် နိုင်ငံကျော် ပြည်သူချစ်အနုပညာရှင်များအကြောင်းနှင့် ရုပ်ရှင်သမိုင်းကြောင်းကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ယူရိုက်ကူးလျက်ရှိကြောင်း ရုပ်ရှင်အစည်းအရုံး ဒု-ဥက္ကဋ္ဌဦးအေးကြူလေးက ပြောသည်။

အဆိုပါအစီအစဉ်ကို သမိုင်းထဲမှရုပ်ရှင်ဟုအမည်ပေးထားပြီး မြန်မာ့ရုပ်ရှင်နယ်ပယ်မှ တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ရုပ်ရှင်သမိုင်းကြောင်းနှင့် ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်တို့အကြောင်းကို ရိုက်ကူးတင်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရုပ်ရှင်သမိုင်းက ၂၀၂၀ ဆိုရင်တော့ နှစ်တစ်ရာပြည့်တော့မှာပါ။ ဦးအေးကြူတို့ကတော့ အစည်းအရုံးအတွက် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းကို တာဝန်ယူပြီးရိုက်ပေးတာပါ။ ဦးကြည်စိုးထွန်းလည်း ရိုက်နေတာတွေရှိတယ်။ အဓိကရည်ရွယ်တာကတော့ နှစ်တစ်ရာပြည့်တဲ့အချိန်မှာဆိုရင် ဒါတွေက အများကြီးအကျုံးဝင်သွားမှာလေ။ အဲဒါကြောင့် ရိုက်နေတာပါ"ဟု ဦးအေးကြူလေးက ပြောသည်။

လက်ရှိတွင် တစ်ခေတ်တစ်ခါက နိုင်ငံကျော်ပြည်သူချစ် အနုပညာရှင်ကြီးများဖြစ်ကြသော ဘဘဘိုကလေးတင့်အောင်၊ ဦးညွန့်ဝင်း၊ ဒေါ်မြင့်မြင့်ခင်၊ မင်းသမီးကြီး ဒေါ်အေးအေးသင်း၊ ဒေါ်ခင်သီတာထွန်းတို့၏ အနုပညာခရီးလမ်းပေါ်တွင် ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများ၊ အမှတ်တရများကို ရိုက်ကူးထားပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာ့ရုပ်ရှင်သမိုင်းကြောင်းတွင် ထင်ရှားကျော်ကြားခဲ့သည့်၊ မြဂနိုင်ဇာတ်ကားကဲ့သို့ ဇာတ်ကားများအကြောင်းကို ပြန်လည်ဖော်ထုတ်မည်ဟုလည်း သိရသည်။

သမိုင်းထဲကရုပ်ရှင်အစီအစဉ်ကို မကြာမီတွင် Mntv မှ ပြသနိုင်ရန် စီစဉ်ထားကြောင်းလည်း သိရသည်။

(ခင်ဇာလီ)

# သရုပ်ဆောင်ဘက် ပြန်လည်ခြေလှမ်းမယ်လို့ဆိုလာတဲ့ ရက်ပ်အဆိုတော် ဒရိတ်ခ်

ရက်ပ်တေးသံရှင်တစ်ဦးအဖြစ် ကျော်ကြားခဲ့တဲ့ ကနေဒါလူမျိုးအဆိုတော် ဒရိတ်ဟာ ယခင်ကရုပ်သံဇာတ်လမ်းမှာ ပါဝင်သရုပ်ဆောင်ဖူးခဲ့သူဖြစ်ပြီး လတ်တလောမှာလည်း သရုပ်ဆောင်နယ်ပယ်ဘက်ကို ပြန်လည်ခြေလှမ်းနိုင်ဖို့ ရည်ရွယ်ထားကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ဒရိတ်ခ်ဟာ ယခင်ကရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Degrassi" မှာ ချမ်းသာတဲ့မိသားစုမှ မွေးဖွားလာတဲ့ ဘတ်စကက်ဘောကစားသမားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ဖူးပြီး လတ်တလောမှာ တေးသံရှင်တစ်ဦးအဖြစ် အောင်မြင်မှုတွေရခဲ့ပေမယ့် သရုပ်ဆောင်နယ်ပယ်ဘက်ကို ပြန်လည်ခြေလှမ်းချင်တဲ့အတွက် သရုပ်ဆောင်လောကအတွင်း ပြန်လည်ဝင်ရောက်ဖို့ စီစဉ်ထားကြောင်း မကြာသေးမီကပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးတစ်ခုမှာ ဒရိတ်ခ်က ဖွင့်ဟလာခဲ့ကြောင်း သိရပါတယ်။

အဆိုပါအင်တာဗျူးမှာ ဒရိတ်ခ်က "သရုပ်ဆောင်ခြင်းဟာလည်း ကျွန်တော်နောက်ထပ်မစောင့်ဆိုင်းနိုင်လောက်အောင် လုပ်ချင်တဲ့ဆန္ဒတွေရှိနေတဲ့ အရာတွေထဲကတစ်ခုဖြစ်ပါတယ်။ ကျွန်တော် လတ်တလောပြုလုပ်နေတဲ့ တေးအယ်လ်ဘမ် More Life ကို ထုတ်လုပ်ပြီး အဆိုပါတေးအယ်လ်ဘမ်အတွက် နယ်လှည့်ဖျော်ဖြေပွဲတွေလုပ်ပြီးရင်တော့ သရုပ်ဆောင်နယ်ပယ်ဘက်မှာ ပြန်လည်ခြေချသွားမှာဖြစ်ပါတယ်။ တကယ်ကိုကောင်းမွန်တဲ့ အခန်းတွေမှာ ပါဝင်သရုပ်ဆောင်သွားဖို့လည်း စဉ်းစားထားပါတယ်"လို့ ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဒရိတ်ခ်က သူ့ရဲ့အခြားသောအိပ်မက်တစ်ခုမှာ ရုပ်သံအစီအစဉ်တင်ဆက်သူဖြစ်ကြောင်းနဲ့ ပရိသတ်တွေ ညတိုင်းကြည့်ရှုရယ်မောနိုင်မယ့်ရုပ်သံအစီအစဉ်ကို တာဝန်ယူတင်ဆက်ပေးနိုင်တဲ့ အစီအစဉ်တင်ဆက်သူကောင်းတစ်ဦးဖြစ်လိုကြောင်းလည်း ဆိုပါတယ်။

လတ်တလောမှာတော့ ဒရိတ်ခ်ဟာ အက်ပဲလ်တေးဂီတနဲ့ပူးပေါင်းကာ "More Life"လို့ အမည်ရတဲ့ တေးစီးရီးတစ်ခုကို ဖန်တီးလျက်ရှိကြောင်းလည်း သိရပါတယ်။



# လူမှုကွန်ရက်မီဒီယာပေါ် ပြန်လည်တက်လှမ်းလာခဲ့တဲ့ ကမ်ယိုဂျန်း



ဆေးကုသမှုခံယူနေခဲ့ရတဲ့အတွက် လူမှုကွန်ရက်မီဒီယာတွေနဲ့ သီတင်းပတ် ၁၀ပတ်ခန့် ဝေးကွာနေခဲ့ရတဲ့ တောင်ကိုရီးယားမင်းသမီးတစ်ဦးဖြစ်သူ ကမ်ယိုဂျန်းဟာ လတ်တလောမှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာကို ပြန်လည်သုံးစွဲလာတာကို တွေ့မြင်ခဲ့ရကြောင်း ကိုရီးယားဘိုးဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

ကလေးသရုပ်ဆောင်တစ်ဦးအဖြစ်မှသည် ခေါင်းဆောင်မင်းသမီးတစ်ဦးအဖြစ်ပါ အောင်မြင်မှုတွေရလာခဲ့တဲ့ မင်းသမီး ကမ်ယိုဂျန်းဟာ ပြီးခဲ့တဲ့ ၂၀၁၆ နှစ်ကုန်ပိုင်းမှာ ရိုက်ကူးရေးတစ်ခုအတွင်း ရုတ်တရက်သတိမေ့သွားခဲ့တာကြောင့် ဆေးကုသမှုခံယူခဲ့ရပါတယ်။ ယခုလို မေ့လဲခဲ့ရတာဟာ ကမ်ယိုဂျန်းခံစားနေရတဲ့ ဖိအားတွေကြောင့်ဖြစ်ပြီး ကမ်ဟာဆေးရုံမှာလည်း အချိန်အတော်ကြာတက်ရောက်ကာ ကုသမှုခံယူခဲ့ရပါတယ်။ အဆိုပါကျန်းမာရေးပြဿနာတွေကြောင့် ကမ်ဟာ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတွေကို အသုံးပြုခဲ့ခြင်းမရှိတော့ဘဲ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၈ ရက်မှာတော့ သူ့ရဲ့အင်စတာဂရမ်စာမျက်နှာပေါ်မှာ ပရိသတ်တွေကို ပျော်ရွှင်တဲ့နှစ်သစ်ဖြစ်စေကြောင်း ဆုတောင်းစကားကို ဓာတ်ပုံတစ်ပုံနဲ့အတူ တွဲဖက်ဖော်ပြခဲ့တာဖြစ်ပါတယ်။

ကမ်ယိုဂျန်းဟာ သူ့ရဲ့နောက်ဆုံးရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် "Because I Love You"မှာ ပါဝင်သရုပ်ဆောင်ထားတဲ့ သူ့ရဲ့သရုပ်ဆောင်စွမ်းရည်ဟာ ညံ့ဖျင်းကြောင်း ဝေဖန်သံတွေကို ကြားခဲ့ရပြီးတဲ့နောက် သတိလစ်ခဲ့ရတာဖြစ်ကြောင်းလည်း သိရပါတယ်။

အေး ပြည့် - စု စည်း သည်



# (၁၄)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ စုပေါင်းကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၂၉**
လားဟူတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ရပ်ဝေးရပ်နီးမှ လားဟူတိုင်းရင်းသားများ တွေ့ဆုံချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးချစ်ကြည်မှု ရရှိစေရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော မျိုးချစ်စိတ်ဓာတ်များ ထာဝစဉ်ဖြစ်ထွန်းလာစေရန် ရည်ရွယ်လျက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်အား နှစ်စဉ်ကျင်းပ လျက်ရှိရာ တာချီလိတ်ခရိုင်၏(၁၄)ကြိမ်မြောက် လားဟူတိုင်းရင်းသားရိုးရာ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို တာလေမြို့ နားယောင်းကျေးရွာ၌ ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားဖွင့်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက်က ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကားပြောကြားကာ လားဟူစာပေနှင့် ယဉ်ကျေးမှုကော်မတီသို့ ရန်ပုံငွေကျပ် ဆယ်သိန်း ပေးအပ်လှူဒါန်းသည်။ ထို့နောက် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်က နှစ်သစ်အမှာစကားပြောကြားသည်။

ဆက်လက်၍ လားဟူတိုင်းရင်းသားများ ကိုယ်စား လားဟူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူး ဦးကျာဒေါလော်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာသည့် ဘိုးဘွားမိဘ၊ ဆရာသမားများနှင့် တာဝန်ရှိသူများအား ရိုသေလေးစားဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာပြုလုပ်ပေးသည်။

ယင်းနောက် နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာသည့် ဧည့်ပရိသတ်များအား လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအက၊ အိုးစည်ဗုံမောင်းအကများဖြင့် ကပြဖျော်ဖြေကာ ဂျင်ပေါက်ပြိုင်ပွဲ၊ ဂုံညင်းပစ်ပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ကျင်းပသည်။ အဆိုပါ လားဟူတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်ကို ထင်ရှူးပင်များ အဖူးအညွန့် ဝေဆာထွက်သည့် အချိန်၊ မက်မန်းနှင့် ချယ်ရီပန်းများ ဖူးပွင့်သည့် အခါသမယ၌ ကျင်းပလေ့ရှိရာမှ ယခုအခါ တပို့တွဲလဆန်း ၁ ရက် တွင် တစ်ချိန်တည်း နှစ်သစ်ကူးပွဲတော်နေ့အဖြစ် သတ်မှတ်ကာ စုပေါင်းကျင်းပခြင်းဖြစ်သည်။ ယင်း နှစ်သစ်ကူးပွဲတော်မှာ လားဟူတိုင်းရင်းသားများ ကျင်းပသည့် ပွဲသဘင်များအနက် အကြီးအကျယ်ဆုံး ပွဲတော်လည်းဖြစ်ကြောင်း လားဟူတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့မှ သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ သံတွဲ၌ကျင်းပ

**သံတွဲ ဇန်နဝါရီ ၂၉**
သံတွဲခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက်က အဆိုပါရုံးရှိ Community Center ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ အ-ထ-က(၂)၊ အ-ထ-က(ခွဲ)မြို့မနှင့် အ-ထ-က(ခွဲ) ငကျော်တောင်ကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားအားလုံး၏ အမိနိုင်ငံတော်၊ ချစ်ခြင်းတရားနှင့်ပြည်ထောင်စု၊ လှပဝေဆာပြည် မြန်မာခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာစိုးမြင့်၊ အထက(ခွဲ) မြို့မ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေး၊ သံတွဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာခြည်ဝင်းမြင့်၊ သံတွဲခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုဦးစီးမှူး ဦးအောင်ဇော်မိုးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယဆုများကို အသီးသီးချီးမြှင့်ပေးခဲ့ကြသည်။ ထို့နောက် ဒုဦးစီးမှူး ဦးအောင်ဇော်မိုးနှင့်အဖွဲ့က Community Center အတွက် ပလတ်စတစ်ထိုင်ခုံများ ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးမြင့်ရွှေက လက်ခံရရှိခဲ့ယူကြောင်း သိရသည်။

**သန့်ဇင် (ပြန်/ဆက်)**

## အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှု သန်လျင်၌ ကျင်းပ

**သန်လျင် ဇန်နဝါရီ ၂၉**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့် ကျောင်းသားလူငယ်များအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အရက်၊ မူးယစ်ဆေးပညာပေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဇန်နဝါရီ ၂၇ ရက် နံနက်က နည်းပညာတက္ကသိုလ် (သန်လျင်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နှင့် သန်လျင်မြို့ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းလွန်ကျောင်းများတွင် ယူနီဆက်နှင့် တက္ကသိုလ် လူငယ်များ အဖွဲ့တို့က အဖွဲ့များခွဲ၍ ပညာပေးဆွေးနွေးပွဲများ ကျင်းပခဲ့သည်။

ယင်းသို့ ကျင်းပရာတွင် မူးယစ်ဆေးဝါး နှိမ်နင်းရေး ရဲတပ်ဖွဲ့ (နေပြည်တော်) မှ ဒုတိယရဲမှူးကြီး စိုးဝင်းအေးက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများအား အသေးစိတ်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စကားဝိုင်း ဆွေးနွေးပွဲများကျင်းပ၍ အပြန်အလှန် ဆွေးနွေးကြပြီးနောက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ ရက်သတ္တပတ်လှုပ်ရှားမှုများကို သန်လျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်နှင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

## နှစ်(၇၀)မြောက်ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ ကျင်းပ

**ခမောက်ကြီး ဇန်နဝါရီ ၂၉**
ကျောင်းသား၊ ကျောင်းသူ လူငယ်မောင်မယ်များ အသိပညာဗဟုသုတ တိုးတက်မြင့်မားရေး နှင့် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အမျိုးသားဦးတည်ချက်များကို သိရှိနားလည်စေရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ပြည်ထောင်စုနေ့အကြို ဟောပြောပွဲကို ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးအောင်မင်းစိန်က နှစ် (၇၀) မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာရေး၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာသည့် သမိုင်းကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။ အဆိုပါ အကြိုဟောပြောပွဲသို့ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူအင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခမောက်ကြီး၊ပြန်/ဆက်)**

## အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကာကွယ်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေး

**မြဝတီ ဇန်နဝါရီ ၂၉**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမျိုးသမီးများအကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းမှုဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် သက်ငယ်မုဒိမ်းမှုများသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပွားမှုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မိမိတို့အနေဖြင့်လည်း ခရိုင်၊ မြို့နယ်များမှ ကျေးရွာများအထိ ယင်းဖြစ်ရပ်များအား ကာကွယ်တားဆီးနိုင်ပါရန် ဟောပြောပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကို နှံ့နှံ့စပ်စပ် ထိထိမိမိ ဆောင်ရွက်သွားမည်ဖြစ်၍ အားလုံးပူးပေါင်းဆောင်ရွက်စေလိုပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ ခရိုင်အမျိုးသမီးရေးရာ ကော်မတီမှ အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်း၍ အကြံပြု ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဒဂုံမြို့နယ် အ-ထ-က(၁)၌ အမှိုက်စီမံခန့်ခွဲမှုဟောပြောပွဲကျင်းပ

**ဒဂုံ ဇန်နဝါရီ ၂၉**
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အခြေခံပညာကျောင်းများတွင် အမှိုက်စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများအား သိရှိစေရန် ဇန်နဝါရီ ၂၆ ရက်က ဒဂုံမြို့နယ် အ-ထ-က(၁) သို့ လာရောက်၍ ပညာပေးဟောပြောပွဲကျင်းပခဲ့ကြသည်။

ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က "ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသပ်ရပ်သည့် မြို့တော်ကြီးအောင် ကျောင်းသား ကျောင်းသူတွေ၊ မိဘပြည်သူတွေ လက်တွဲညီညီပါဝင်ပြီး ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းမှသာ အောင်မြင်မှာပါ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သန့်ရှင်းရေးဌာနကလည်း မြို့တော်ကြီးသန့်ရှင်းသာယာဖို့ နည်းမျိုးစုံနဲ့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေ့စဉ်ထွက်ရှိတဲ့ အမှိုက်တွေက များပြားနေတဲ့အတွက် အမှိုက်လျှော့ချမှုနည်းလမ်းကောင်းများ အသုံးပြုကာ အမှိုက်ကနေ စွမ်းအင်ထုတ်လုပ်မှု ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

ထို့နောက် လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေးက စနစ်တကျ အမှိုက်လျှော့ချမှုနည်းလမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းလမ်းများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်ပါဝင်သည့် အမှိုက်စွန့်ပစ်မှုနှင့်စီမံခန့်ခွဲမှုကို သရုပ်ပြဂိမ်းကစားကြကာ လက်ထောက်ဌာနမှူး ဒေါက်တာအောင်မြင့်မော်က ကျောင်းသား၊ ကျောင်းသူလေးများအား လက်ဆောင်ပစ္စည်းများ အမှတ်တရပေးအပ်ပြီး ကျောင်းအတွက် အမှိုက်ပုံးကြီးနှစ်ပုံးနှင့် အမှိုက်အိတ် ၅၀၀ အား ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးမှ လက်ခံရယူခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးမောင်ခွေးနှင့် ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၄၅၅ ဦးတက်ရောက်ခဲ့ကြသည်။ **မောင်မောင်**



# မြင်းမူမြို့နယ်တွင် ကျေးလက်တံတားလုပ်ငန်းကြည့်ရှု

**မြင်းမူ ဇန်နဝါရီ ၂၉**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးသည် ဇန်နဝါရီ ၂၇ ရက်က မြင်းမူမြို့နယ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မုံရွာ-မန္တလေးကားလမ်း နဘဲကြူးကျေးရွာ ကျေးလက်လမ်းပေါ်ရှိ (၁၄ ပေ ×၁၄ ပေ ×၈ ပေ )ကျောက်ရိုးစီ သံကူကွန်ကရစ်တံတားလုပ်ငန်းဆောင်ရွက်နေမှုအား စစ်ဆေးကြည့်ရှုခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုး၊ (ရုံးချုပ်-နေပြည်တော်) လမ်းတံတားဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးစိုးဦး၊ စစ်ကိုင်းခရိုင်ကျေးလက်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင့်တို့လိုက်ပါစစ်ဆေးခဲ့ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရေဝင်လမ်းကြောင်း Up Stream ဘက်တွင် Wing Wall များနှင့်ဆက်စပ်ကာ Return Wall များ တစ်ပါတည်းဆောင်ရွက်ပေးသွားရန်၊ ကမ်းကပ်ခုံ ကျောက်ရိုးစီနံရံပေါ်ရှိ သံကူကွန်ကရစ်ရက်မ Cross Beam တည်ငြိမ်မှုရှိစေရေးအတွက် သံချောင်းအငုတ်များ ထည့်သွင်းဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နဘဲကြူး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လမ်းတံတားကော်မတီဝင်များ၊ နဘဲကြူးကျေးရွာ မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇ၂၄**

# ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**ကလေး ဇန်နဝါရီ ၂၉**
ကလေးမြို့နယ် အနောက်မြောက်လမ်းမပေါ်ရှိ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမီး(ခ) အေးအေးမူ၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် ဒုတိယရဲမှူးကြီးရွှေဝင်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးဝေလွင်ဖြိုးနှင့် ကော်မတီအဖွဲ့ဝင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနွယ်တို့က ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှနှင့် အောင်ရွာကျေးရွာရှိကျောက်ရိုးစီသစ်သားတံတား ဆောက်လုပ်ပြီးစီးမှု၊ ကံသာနှင့် ဟံသာကျေးရွာရှိ ကျေးရွာချင်းဆက်လမ်း သဲကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ မြို့သာကျေးရွာနှင့် မော်စီကျေးရွာရှိ ကွန်ကရစ်တံတားဆောက်လုပ်ပြီးစီးမှုနှင့် ရှုခင်းသာကျေးရွာရှိ သဲကျောက်ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာနေပြည်သူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

# လုပ်မြေအဖြစ် ချန်လှပ်ထားလယ်ဧက ၅၀၀၀ ကျော် အောင်ရေလုံလောက်စွာမှုရရှိရေး ကွင်းဆင်းကြည့်ရှု



**ဘားအံ ဇန်နဝါရီ ၂၉**
ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့မူးတာကျေးရွာအုပ်စု ဖအွံ့ချောင်းကွင်းဧရိယာအတွင်းရှိ ရေကျနောက်စိုက်လယ်သမားများ နွေစပါးစိုက်ပျိုးရာတွင် အောင်ရေလုံလောက်မှု ရှိ-မရှိနှင့် လိုအပ်ပါက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကရင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဆည်မြောင်း၊ ချောင်း၊ ရေတံခါး တည်ဆောက်ပေးနိုင်လျှင် ရေကျနောက်စိုက် နွေစပါးစိုက်ပျိုးရာ လိုအပ်လျက်ရှိသည့် အောင်ရေများ လုံလောက်မှုရှိပြီး ကျေးရွာ ၁၄ ရွာရှိလယ်သမား ၂၀၀ ကျော်၏ လယ်ဧက ၇၀၀၀ ကျော်အတွက် အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်မည်ဖြစ်၍ ဆောင်ရွက်ပေးနိုင်ရေးအတွက် တောင်သူများ တောင်းဆိုမှုအရ အကြိုကွင်းဆင်း ကြည့်ရှုရခြင်းဖြစ်ကြောင်း သိရသည်။

ရေနက်ကွင်းဖြစ်သည့်အတွက် ရေကျချိန်မှသာ နောက်ကျပြီး စပါးစိုက်ပျိုးနိုင်သော ကွင်းများမှာ ကော့မူး တာကျေးရွာအုပ်စုရှိ ကျေးရွာခွဲ ခုနစ်ရွာမှ တောင်သူများနှင့် ကော့ထမွလိန်း ကျေးရွာအုပ်စုရှိ ကျေးရွာခွဲခုနစ်ရွာမှ တောင်သူ ၂၀၀ ကျော် ပိုင်ဆိုင်သော လယ်မြေများဖြစ်ပြီး ဧက ၅၀၀၀ ကျော်မှာ အောင်ရေမရနိုင်သည့်အတွက် လုပ်မြေအဖြစ် ချန်လှပ်ထားရှိရကြောင်း၊ အောင်ရေမရရှိသည့် အကြောင်းရင်းမှာ ဆန္ဒန်ဂူအနီးရှိ အင်းမှ စီးဆင်းလာသော ကော့မူးတာချောင်းမှာ နှစ်ကြာပြီဖြစ်သည့်အတွက် ချောင်းကောနေခြင်း၊ ၎င်းချောင်းအတွင်းရှိရေများအား ဖအွံ့ချောင်းနှင့် ဒီရေအတက်အကျရှိသော မော်လမြိုင်အမြန်လမ်းမကြီးဘေးရှိ တူးမြောင်းများအတွင်းသို့ စီးဆင်းသွားခြင်းတို့ကြောင့်ဖြစ်ကြောင်း တောင်သူများထံမှ ကြားသိရသည်။

အဆိုပါနေ့က ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်း၊ ဘားအံခရိုင် ဦးစီးမှူး ဒေါ်အေးမေ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းဦးနှင့် စိုက်ပျိုးရေးပညာရှင်များအဖွဲ့သည် တောင်သူလယ်သမားများ၏ အကျိုးအတွက် ရေကျနောက်စိုက်လယ်သမားများ နွေစပါးစိုက်ပျိုးရာတွင် အောင်ရေလုံလောက်မှုရှိစေရေးအတွက် ကော့မူးတာချောင်း ချောင်းကောနေခြင်းအား တူးဖော်ဆောင်ရွက်ပေးနိုင်ရေးကို ပေါင်းစပ်ညှိနှိုင်းကာ ကြိုတင်ကွင်းဆင်းခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

# မြင်းမူမြို့နယ်အတွင်း ဝါဈေးကောင်းရ၍ တောင်သူများ အမြတ်ရရှိ

**မြင်းမူ ဇန်နဝါရီ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ဒေသခံတောင်သူများ ဒေသနှင့်ကိုက်ညီသော သီးနှံများကို မိမိစိတ်ကြိုက် ရွေးချယ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် ဝါစိုက်တောင်သူများ ဈေးနှုန်းပိုမိုရရှိသည့်အတွက် ဝင်ငွေများစွာရရှိလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ကတော့ ဈေးကွက်ကိုအခြေခံပြီးဒေသနဲ့ ကိုက်ညီတဲ့ စိုက်ပျိုးသီးနှံကို ရွေးချယ်ရတာပေါ့၊ ဒီနှစ်မှာ ကျွန်တော့မြေနဲ့ကိုက်ညီတဲ့ ရွှေတောင်(၈)ကိုပဲစိုက်ပျိုးပါတယ်" ဟု တောင်သူ ဦးစိုးဝင်းက ပြောပြသည်။

တောင်သူ ဦးစိုးဝင်းသည် ဝါလေးဧကကို စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးစရိတ်၊ လုပ်အားခ၊ အထွေထွေကုန်ကျစရိတ်မှာ ငွေကျပ် ၈၀၀၀၀၀ ခန့် ရင်းနှီးစိုက်ထုတ်ခဲ့ရာ ယခုလက်ရှိ ဒေသပေါက်ဈေးမှာ တစ်ပိဿာလျှင် ၁၄၀၀ ကျပ်ဖြင့် ယင်း ဝါခင်းမှ ပိဿာချိန် ၂၀၀၀ ကျော်ထွက်ရှိနိုင်သည်ဖြစ်၍ ဝင်ငွေ ၂၈ သိန်းရှိကြောင်း သိရသည်။

မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများအား မျိုးကောင်း၊ မျိုးသန့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ဆေးသုံးစွဲမှု မှန်ကန်ရေးတို့အတွက် လက်တွေ့ကွင်းဆင်းပြသခြင်းများကြောင့် ယခုကဲ့သို့ အခြားသီးနှံများ အောင်မြင်ဖြစ်ထွန်းခြင်းဖြစ်ကြောင်း သိရသည်။ **အောင်စိုးဖေ(မြင်းမူ)**



# မိုင်(၃၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု ကွင်းဆင်းညှိနှိုင်းဆောင်ရွက်

**ပဲခူး ဇန်နဝါရီ ၂၉**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ပဲခူး-စစ်တောင်းတူးမြောင်းမှ မိုင်(၃၀)စိမ်းလန်းမြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းရေထိန်းတံခါးသို့ ရေဝင်ရောက်မှုအခြေအနေ၊ ရေပေးဝေမှုအခြေအနေများအား ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်သည် လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ ဦးစီးအရာရှိ ဦးနေမျိုးထွန်းတို့နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးသည် ပဲခူးခရိုင် သနပ်ပင်မြို့နယ် ပဲခူး - စစ်တောင်း တူးမြောင်းအတိုင်း တူးမြောင်းတစ်လျှောက် ရေစီးဆင်းမှုအခြေအနေ၊ ပုဂံညောင်ပင်ရေလွှဲပေါက် ထိုမှတစ်ဆင့် ကဝမြို့နယ် အောင်ချမ်းသာရေတံခါးသို့ ရောက်ရှိပြီး မိုင် (၃၀) စိမ်းလန်းမြောင်းအတွင်းသို့ ရေပေးဝေမှုအခြေအနေတို့အား ကြည့်ရှုပြီး ပဲခူးတိုင်းဒေသကြီး နှင့် ရန်ကုန်တိုင်းဒေသကြီးတို့အတွင်း ရေရရှိမှု အဆင်ပြေမျှတစေရေးအတွက် ဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရှိ ခရမ်းရေထိန်းတံခါးသို့ သွားရောက်ပြီး ပဲခူး-စစ်တောင်းတူးမြောင်းမှ ခရမ်းရေတံခါးသို့ ရေရောက်ရှိမှုအခြေအနေအား ကွင်းဆင်းကြည့်ရှုရာ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ကျော်အောင်က ရေရောက်ရှိမှုအခြေအနေ၊ ကွင်းအတွင်းရေပေးဝေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လုပ်ငန်းလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်တိုင်းဒေသကြီး မိုင်(၃၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းသည် ပဲခူးခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဒေသခံပြည်သူများအတွက် အကျိုးရှိသော စီမံကိန်းလုပ်ငန်းတစ်ရပ်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းများပြီးစီးအောင် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများအတွက် စီးပွားရေး၊ လူနေမှုဘဝ လွန်စွာမြင့်တက်လာမည် ဖြစ်သည်။

ယခုဆောင်ရွက်နေသော မိုင်(၃၀)စိမ်းလန်းစိုပြည်ရေးအတွက် ရေစတင်ယူသည့် ရေလမ်းကြောင်းအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဇောင်းတူရေလွှဲဆည်မှ ဝေါမြို့နယ် မိုးယွန်းကြီးရေလှောင်ကန်၊ မိုးယွန်းကြီးကန်မှ သနပ်ပင်မြို့နယ် ပုဂံညောင်ပင်ရေလွှဲပေါက်၊ ရေလွှဲပေါက်မှ ကဝမြို့နယ် အောင်ချမ်းသာရေတံခါး၊ ရေတံခါးမှ အုန်းနဲ၊ သက္ကလ စိမ်းလန်းမြောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ခရမ်းရေထိန်းတံခါးအထိ အဆင့်ဆင့်သွယ်ယူခဲ့ပြီး ရေသွယ်ယူလမ်းကြောင်း အလျားမိုင် ၆၈ မိုင် ကျော်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **သူရအောင် (ပြည်)**



# ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး



**ပဲခူး ဇန်နဝါရီ ၂၉**
ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့ (၇) ရပ်ကွက်ရှိ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)ရုံး၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းအငြင်းပွားမှု၊ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက အချိန်တိုအတွင်း ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးရန်အတွက် ပဲခူးတိုင်းဒေသကြီး စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် တာဝန်ပေးခြင်း အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့(ခွဲ)ရုံးဥက္ကဋ္ဌ ဦးဝင်းမောင်က ကော်မတီ၏ရည်ရွယ်ချက်၊ ကြားဖြတ်အခြေအနေ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်း၏ အားသာချက်၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ သဘောတူညီချက်၊ ဥပဒေအခန်း(၁၃)(၁၄)နှင့် ကော်မတီ၏ အဓိကတာဝန်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသောကော်မတီအဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိလိုသည်များအား မေးမြန်းဆွေးနွေးရာ ဥက္ကဋ္ဌ ဦးဝင်းမောင်က ပြန်လည်ဆွေးနွေး ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီးတွင် ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်မည့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၄) ညောင်လေးပင်မြို့နယ်နှင့် ကျောက်တံခါးမြို့နယ်တို့တွင် မဲဆန္ဒရှင် ၃၂၀၀၀၀ ရှိပြီး မဲရုံပေါင်း ၃၅၃ ရုံ၌ နိုင်ငံရေးပါတီ ခြောက်ပါတီ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ မဲဆန္ဒရှင်များ၏ အမည်စာရင်းကို သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများအပြင် အများမြင်သာသိရှိအောင် ကျေးရွာခွဲများအထိ မဲစာရင်းများ ကပ်ပေးထားမည်ဖြစ်သည်။

မဲဆန္ဒရှင်များအနေဖြင့်လည်း အခွင့်အရေးဆုံးရှုံးမှုမရှိစေရန် မဲစာရင်းတွင် မိမိတို့အမည်ပါ၊ မပါသိရှိအောင် သွားရောက်ကြည့်ရှုရန်လိုအပ်ပြီး မပါပါက သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေများအတိုင်း မိမိတို့အမည်ပါအောင် အမြန်ဆုံးဆောင်ရွက်ကြရမည်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီးတွင် ယခင်က လွှတ်တော်လေးနေရာ၌ ၉၇ ဦး ရွေးချယ်ပေးခဲ့ရပြီး ယခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးသာ ရွေးချယ်ပေးရမည်ဖြစ်သောကြောင့် ကော်မရှင်အနေဖြင့် လုပ်ငန်းများလုပ်ဆောင်ရာတွင် နိုင်နင်းစွာ၊ အမှားနည်းစွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်းဖြင့် ဖြစ်ပေါ်လာမည့်ပြဿနာ၊ အငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့် ချက်ချင်းစေ့စပ်ညှိနှိုင်းပေးနိုင်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌဦးဝင်းမောင်က ပြောကြားသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## ဆည်မြောင်းရေထုတ်ပြွန်ရှိသည့်နေရာတွင် ကုန်တင်ယာဉ်ကြီးများ ရပ်တန့်ခြင်းမပြုရန် တားမြစ်ထားသော်လည်း လိုက်နာမှုအားနည်း

**ရေတာရှည် ဇန်နဝါရီ ၂၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းတမံမှာ ရေပေးဝေရေးမြောင်း DY 2 မှာ ဆွာချောင်းတံတားနှင့် မှန်စီးကျေးရွာအနီးတွင် ရန်ကုန်-မန္တလေး ကားလမ်းအောက် ရေထုတ်မြောင်းအဖြစ် တည်ဆောက်ထားပြီး အဆိုပါရေထုတ်ပြွန်ပေါ်တွင် ကုန်တင်ယာဉ်များရပ်တန့်ခြင်းမရှိစေရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနမှ တားမြစ်ထားသော်လည်း ကုန်တင်ယာဉ်များမှာ လိုက်နာခြင်းမရှိဘဲ ယာဉ်များရပ်တန့်ခြင်း ရေဆေးခြင်းနှင့်ရေချိုးခြင်းတို့နေ့စဉ်ဆောင်ရွက်လျက်ရှိ၍ ရေရှည်၌ ရေထုတ်ပြွန်ကျွံကျမှာ စိုးရိမ်နေကြရကြောင်း အဆိုပါအနီးဝန်းကျင်တွင် လယ်စိုက်သည့်တောင်သူများက ပြောကြားသည်။

"အခုလိုရေလွှတ်ချိန်မှာသာ ပြိုကျသွားရင် တောင်သူတွေ နွေစပါးစိုက်ဖို့ အခက်အခဲအများကြီးဖြစ်သွားနိုင်တယ်။ ကုန်တင်ယာဉ်တွေက ဟိုးအရင်ကလို ခြောက်ဘီးကုန်တင်ယာဉ်တွေမဟုတ်တော့ဘူး။ ၂၂ ဘီးထွေလာယာဉ်ကြီးတွေ နည်းတဲ့အလေးချိန်မဟုတ်ဘူး။ တာဝန်ရှိသူတွေ စစ်ဆေးအရေးယူဆောင်ရွက်သင့်ပါတယ်" ဟု အထက်ပါတောင်သူများကပင် ဆက်လက်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## စည်းရုံးရေးမှူးများသင်တန်းဖွင့်လှစ်

**ထန်းတပင် ဇန်နဝါရီ ၂၉**
ထန်းတပင်မြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စီမံကိန်းစက်ဝန်းအတွက် လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် စည်းရုံးရေးမှူးများသင်တန်း အမှတ်စဉ် (၂) ကို ဇန်နဝါရီ ၂၃ ရက်တွင် ဦးချစ်မောင်ခန်းမ၌ ကျင်းပခဲ့သည်။ သင်တန်းတွင် သင်တန်းသား ဦးပီတာထန်ခပ်မုံဦးဆောင်သောနည်းပညာပံ့ပိုးရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ပူးပေါင်းအကောင်အထည်ဖော်ပြီး စီမံကိန်း၏ လူထုစည်းရုံးရေးမှူးများ၊ လက်ထောက်နည်းပညာမှူးများ စုစုပေါင်း အမျိုးသမီး ၂၁ ဦး၊ အမျိုးသား ၂၂ ဦး တက်ရောက်ကြသည်။

သင်တန်းကာလမှာ ခြောက်ရက်ကြာမြင့်ပြီး သင်တန်းပြီးချိန်တွင် တက်ရောက်လာသူများမှ ကျေးရွာအဆင့်ရှိ စီမံကိန်းစီမံခန့်ခွဲမှုအဖွဲ့ဝင်များအား နှစ်ရက်တာ သင်တန်းပြန်လည်ပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(ပြန်/ဆက်)**

## လုပ်ငန်းအသီးသီးအတွက် ချေးငွေ ၂၉၄ သိန်းထုတ်ချေး

**သန်လျင် ဇန်နဝါရီ ၂၉**
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာများအနက် ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့သော ကံလှ-ကုလားတန်းကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှ ချေးငွေအောင်သူ ၁၀၉ ဦးအား လုပ်ငန်းအသီးသီးအတွက် စုစုပေါင်းချေးငွေ ၂၉၄ သိန်းကို ဇန်နဝါရီ ၂၃ ရက်က ပွင့်လင်းမြင်သာစွာ ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ် ဆောက်လုပ်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂၉**
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများ၏ ကျန်းမာရေးမှာ အခြေခံအဓိကအကျဆုံးဖြစ်သောကြောင့် ကွမ်းခြံကုန်းမြို့ တော်ပုလဲပိုင်းနှင့် မင်းပိုင်းရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံဝန်းအတွင်း၌ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဆောက်လုပ်လျက်ရှိရာ ယခုအခါ ဆောက်လုပ်မှုရာခိုင်နှုန်း ၉၀ ပြီးစီးနေပြီဖြစ်ပြီး လာမည့် ဧပြီလအတွင်း အပြီးသတ်ဆောက်လုပ်သွားမည်ဖြစ်သည်။

အဆိုပါ ပေ ၅၀၊ ပေ ၆၀ အကျယ်အဝန်းရှိ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်အား ဆေးရုံဝန်းအတွင်းရှိ မြေနေရာဧရိယာဖြစ်သော ပေ ၆၀၊ ပေ ၇၀ ရှိမြေနေရာပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာ့အလှုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ ဒေသခံဦးကျော်ခိုင်မိသားစုက ငွေကျပ်သိန်း ၁၅၀၀ ကုန်ကျခံကာ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဆောက်လုပ်ပြီးစီးပါက တိုးချဲ့ဆောင်သစ်အတွင်း၌ သံဃာတော်များအတွက် ကုသဆောင်နှစ်ခန်း၊ လူနာများအတွက် ကုသဆောင်အခန်း နှစ်ခန်း၊ ခွဲစိတ်ခန်း နှစ်ခန်းနှင့် မွေးခန်းထားရှိမည်ဖြစ်ပြီး လူနာနားနေဆောင်၊ ဆရာဝန်နားနေဆောင်နှင့် ရုံးခန်းများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအနေအထားအရ အဆိုပါ ၂၅ ခုတင်ဆံ့ နှစ်ထပ်တိုးချဲ့ဆောင်သစ်၏ မျက်နှာစာအဝင်ဝအား ကွန်ကရစ်လမ်းခင်းကျင်းခြင်းလုပ်ငန်းနှင့် အတက်အဆင်းလှေခါးအတွက် ကြွေပြားကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တိုးချဲ့ဆောင်သစ်အပေါ်နှင့်အောက်ထပ်၌ ကြွေပြားခင်းကျင်းခြင်းလုပ်ငန်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း၊ ရေပိုက်လိုင်းများတပ်ဆင်ခြင်းလုပ်ငန်း၊ ဆေးသုတ်ခြင်းလုပ်ငန်း အပါအဝင် တိုးချဲ့ဆောင်သစ်၏ ပြင်ပနေရာဖြစ်သော ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် သန့်စင်ခန်းများအတွက် ဆားဗစ်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီးဖြစ်ကာ တိုးချဲ့ဆောင်သစ်ပြင်ပ ဆေးသုတ်ခြင်းလုပ်ငန်းများနှင့် အချောထည်လုပ်ငန်းများသာကျန်ရှိတော့ကြောင်း မြန်မာ့အလှုဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ခံအင်ဂျင်နီယာ ဦးဟန်သိန်းက လုပ်ငန်းခွင်အတွင်းရှင်းပြခဲ့သည်။

ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဝင်းရီက "ဆေးရုံမှာခွဲစိတ်ရမယ့်လူနာများကို လောလောဆယ် ဆေးရုံအပေါ်ထပ်မှာပဲ ခွဲစိတ်နေရပါတယ်။ အရေးပေါ်လူနာများကိုလည်း ထမ်းစင်နဲ့ တင်နေရတာပါ။ တကယ်လို့ တိုးချဲ့ဆောင်သစ်ဆောက်လုပ်ပြီးစီးသွားပြီဆိုရင်တော့ အဆောင်သစ်အောက်ထပ်မှာ ခွဲခန်း၊ မွေးခန်းများကို ထားရှိမှာဖြစ်ပါတယ်။ အဆောင်သစ်အတွက်း လိုအပ်တဲ့ပစ္စည်းများကို အလှူရှင်များက လှူဒါန်းကြမှာဖြစ်သလို ဝန်ကြီးဌာနကလည်း ချပေးပါလိမ့်မယ်။ အဆောင်သစ်ဆောက်လုပ်ပြီးစီးသွားပြီဆိုရင်တော့ ဆေးရုံကပိုကြီးလာတော့မှာဖြစ်တဲ့အတွက် ဒေသခံများကလည်း ဝမ်းသာနေကြပါတယ်" ဟုဆိုလေသည်။

ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာမှ ဒေါ်အေးစိန်မက "ဒီကွမ်းခြံကုန်းဆေးရုံမှာ ကျန်းမာရေးစောင့်ရှောက်ကုသမှု ခံယူရတာအဆင်ပြေပါတယ်။ တာဝန်ကျ၊ ဆရာဝန်၊ ဆရာ၊ ဆရာမများကလည်း အလွန်ဂရုစိုက်ကြပါတယ်။ ပြီးတော့လည်း ဒီလို အဆောင်သစ်ဆောက်လုပ်လိုက်တာဟာ လူနာများအတွက် ဆေးရုံအတက်၊ အဆင်းနဲ့ နေတာထိုင်တာ လွယ်ကူအဆင်ပြေမှာဖြစ်ပြီး နေရာအကျယ်အဝန်းလည်း ပိုကျယ်၊ ပိုကောင်းလာတာဖြစ်လို့ လူနာများအတွက် ပိုအဆင်ပြေတော့မှာပါ။ ဘာပဲဖြစ်ဖြစ် ဒီလိုအဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းတဲ့အလှူရှင်မိသားစုကို လူနာများကိုယ်စား ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ပီတိစကားဆိုလေသည်။

လက်ရှိအနေအထားအရ ကွမ်းခြံကုန်းမြို့ မြို့နယ်ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်နှစ်ဦး၊ Nurse ရှစ်ဦးတို့ဖြင့် လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(စိုးဝင်း-MLA)**

## အသည်းရောင်အသားဝါ ဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများ အခမဲ့ပြုလုပ်



**ကလေးဝ ဇန်နဝါရီ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထောက်ပံ့မှု မြန်မာနိုင်ငံလုံးဆိုင်ရာ အသည်းဖောင်ဒေးရှင်းက လှူဒါန်းမှုတို့ဖြင့် ဇန်နဝါရီ ၂၈ ရက်က ချင်းတွင်းမြစ်သာခန်းမ၌ ဒေသခံပြည်သူ ၂၀၀၀ ကျော်ကို အသည်းရောင်အသားဝါဘီပိုးစစ်ဆေးခြင်းနှင့် ကာကွယ်ဆေးထိုးခြင်းများကို အခမဲ့ပြုလုပ်ပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ချင်းတွင်းမြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးရေးကွန်ရက်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ NGO အဖွဲ့များက ပူးပေါင်းကူညီခဲ့ကြောင်း သိရသည်။

**သက်ဟန်(ပြန်/ဆက်)**

# လက်တွေ့အသုံးချဆေးနည်းတိုများ (၁၈)

ကြည်လွင်မြင့်(မုခြာ)

**ဆရာခင်ဗျာ၊ ဆောင်းတွင်းနံနက်စောစောမှာ အလုပ်မသွားမီ ရေချိုးပါတယ်။ အအေးဒဏ်ကို မခံနိုင်လို့ ရေနွေးစပ်ချိုးပါတယ်။ တချို့ကပြောတော့ ရေနွေးစပ်ချိုးတာကြာရင် မျက်စိကို ထိခိုက်တယ်ဆိုတာ မှန်ပါသလားဆရာ။**

ဆောင်းဥတုမှာ ရေနွေးချိုးတဲ့သူများဟာ နှာရည်ယိုခြင်း၊ မျက်ရည်ယိုခြင်း၊ ဇက်ကြောတက်ခြင်း၊ ခါးနာခြင်း၊ ဒူးနာခြင်း ဖြစ်လေ့ရှိပါတယ်။ အခန့်မသင့်ရင် မျက်စိကျိန်းစပ်ခြင်း၊ မျက်စိနီခြင်းများလည်း ဖြစ်နိုင်ပါတယ်။ အအေးမမိစေရန် ရေအေးကို ရေနွေးစပ်ပြီး ချိုးနိုင်သော်လည်း ရေပူဖြစ်အောင် မစပ်သင့်ပါ။ လူငယ် လူလတ်ပိုင်းများမှာ သဘာဝအတိုင်း ရေအေးကိုသာ ချိုးသင့်ပါတယ်။ ရှေးလူကြီးများက စီးဆင်းနေသော မြစ်ရေ၊ ချောင်းရေကို ချိုးရင် အန္တရာယ်မရှိ။ ငြိမ်နေသော တွင်းရေ၊ ကန်ရေကိုချိုးရင် ဖျားနာတတ်တယ်လို့ဆိုပါတယ်။ ရေပေးရေးမှ ပေးသော ရေပိုက်များမှ ရေများသည် စီးဆင်းနေသော ရေမျိုးဖြစ်သဖြင့် ရေနွေးမစပ်ဘဲ ချိုးနိုင်ပါသည်။

**မင်္ဂလာပါ ဆရာကြီးရှင့်။ သမီးအသက် ၂၅ နှစ်ရှိပါပြီ။ အိမ်ထောင်ကျကျချင်းမှာ ကလေးရခဲ့ဖူးပါတယ်။ ဒါပေမယ့် ပျက်ကျသွားလို့ သားအိမ်ခြစ်လိုက်ရပါတယ်။ တားဆေးသုံးခါထိုးပြီးတော့ ကလေးလိုချင်လို့ ဆေးဖြတ်ခဲ့ပါတယ်။ အခုဆို ဆေးဖြတ်တာ တစ်နှစ်ခွဲရှိပါပြီရှင့်။ သမီးတို့ အိမ်ထောင်သက်လည်း နှစ်နှစ်ပြည့်ခဲ့ပါပြီ။ သမီး ဖောလစ်အက်စစ်နဲ့ Eve-500 သောက်တာလည်း ကြာပါပြီ။ အခုထိ မထူးခြားသေးပါဘူး ဆရာရှင့်။ အမျိုးသားကိုလည်း ခွေးလှေးယားသီးအနက်စေ့ လှော်ကျွေးပါတယ် ဆရာ။ သမီးဓမ္မတာလာတာလည်း မှန်ပါတယ် ဆရာ။ သမီးကို အကြံဉာဏ်လေးများ ပေးပါလို့ လေးစားစွာဖြင့် အကူအညီ တောင်းပါတယ်ရှင့်။**

ရနိုင်ပါတယ်။ ဝလာလား။ ဝလာတယ်ဆိုရင် သားအိမ်လမ်းကြောင်းပွင့်အောင် ဝါးရွက်ပြုတ်သောက်ပါ။ ဝါးရွက် ၁၀ ရွက်လောက်ကို ကပ်ကြေးနဲ့ ပါးပါးညှပ်၊ ရေနွေးမတ်ခွက် တစ်လုံးခွဲစာနဲ့ သုံးခွက်တစ်ခွက်တင် ကုန်အောင် ပြုတ်ပါ။ တစ်နေ့ မတ်ခွက်တစ်လုံးစာကုန်အောင် ဖြည်းဖြည်းချင်းသောက်ပါ။ ပျားရည်တစ်ဇွန်း ထည့်သောက်ရင် ပိုကောင်းပါတယ်။ ဘယ်ဝါးရွက်မဆို ရပါတယ်။ ကြခတ်ဝါးရွက်ကတော့ အကောင်းဆုံးပါ။ ဘေးထွက်ဆိုးကျိုး မရှိပါ။

**ကလေးက အသက် ရှစ်လပါဆရာ။ ကလေး စအိုရောင်နေလို့ပါ။ ဆေးနည်းလေး ညွှန်ပေးပါ။**

ပျားရည်နှင့် အုန်းဆီ ရောစပ်လိမ်းပေးပါ။

**ဆရာရှင့် ကလေးစအိုရောင်တာ ကောင်းသွားပါပြီ။ ဝမ်းက တစ်ပတ်ရှိပြီ။ သွားနေတုန်းပါ။ လေနဲ့ဝမ်း မကွဲဖြစ်နေလို့ပါ။ လေထွက်ရင် ဝမ်းကပါနေလို့ပါ။ ဘာဆေးတိုက်ရမှန်း မသိလို့ပါ ဆရာ။ ကလေးက အသက်ရှစ်လပါ။ ဝမ်းပျက်နေတယ်ထင်လို့ပါ ဆရာ။ ဆေးနည်းလေး ညွှန်ပေးပါဆရာ။**

လက်ဖက်ခြောက် တစ်ဇွန်းကို သကြားနှစ်ဇွန်းစပ်၊ ရေနွေးမတ်ခွက် တစ်လုံးမှာ ဖျော်၊ ဆားလှော်အနည်းငယ်ထည့် အအေးခံထား၊ ဇွန်းသေးသေးနဲ့ တဖြည်းဖြည်းချင်း ကုန်နိုင်သလောက် ဝင်အောင်တိုက်ပါ။ လေ ဝမ်းကွဲလာပါလိမ့်မယ်။ ကလေးကို ဝမ်းပိတ်ဆေး မတိုက်သင့်ပါ။

**ဆရာ ကျွန်မသမီးလေး ရေချိုးမှားပြီး ကိုယ်လေးနည်းနည်းနွေးနေလို့ မြန်မာဆေးနည်းလေးရှိရင် ပြောပေးပါဦးဆရာ။ ချောင်းလည်း နည်းနည်းဆိုးနေပါတယ်ဆရာ။**

ကွမ်းရွက် တစ်ရွက်၊ ချင်းပါးပါးလှီး ခုနှစ်လွှာ၊ ထန်းလျက် သုံးခဲ၊ ရေနွေးမတ်ခွက် တစ်ဝက်နဲ့ ရောကျိုပါ။ ဆားအနည်းငယ်ထည့်ပါ။ ခပ်နွေးနွေး သုံးဇွန်းလောက်တိုက်ပေးပါ။ တစ်နေ့ လေးကြိမ်တိုက်နိုင်ပါတယ်။

**ဆရာကြီးရှင့် သမီးလေးက အသက် သုံးနှစ်ပြည့်ပါတော့မယ်။ စကားကောင်းကောင်း မပြောသေးဘူး။ ဘာလုပ်ပေးရမလဲ ဆရာကြီးရှင့်။**

ကြက်ဟင်းခါးရွက် အရည်ညှစ် ကလေးလျှာပွတ်ပေးပါ။ ခါးလို့ထွေးရင် စကားပြောလာပါလိမ့်မယ်။

**ဆရာ သမီးရဲ့လည်ချောင်း နာနေပါတယ်။ ပါးစပ်ဟကြည့်လိုက်ရင် ဖြူဖြူအဖတ်တွေ တွေ့ရပြီး အာသီးကရဲနေပါတယ်။ ဘယ်လိုဆေးတွေ သောက်ရမလဲ ညွှန်ကြားပေးပါဦး။**



အာသီးရောင် ရောဂါဖြစ်နေတာပါ။ ရေနွေးကြမ်းအဖန်ရည်မှာ ဆားထည့်ဖျော်ပြီး အာလုပ်ကျင်းပေးပါ။ သင်္ဘောရွက်ပြုတ်ရည်မှာ ပျားရည်တစ်ဇွန်းထည့်သောက်ပါ။ ညအိပ်ရာဝင် ခြေဖဝါးဆားပွတ် ဒူးအထက်ကနေ အောက်ကို ရေလောင်းခြေဆေးပါ။ စပါးကြီးသည်းခြေ ငရုတ်ကောင်းစေ့လောက်ကို ရေနွေးနဲ့ဖျော် အာလုပ်ကျင်းပေးရင် နာတာရှည်အာသီးရောင် ရောဂါပျောက်ပါတယ်။

**ဆရာ ကလေးက တစ်နှစ်နဲ့ နှစ်လပါ။ နှာရည်ယိုပြီး ချောင်းဆိုးနေပါတယ် ဆရာ။ ဆေးနည်းလေး ညွှန်ကြားပေးပါဦး။**

ကွမ်းရွက်နဲ့ ဆားကိုထုပ် မီးဖုတ်ပါ။ အဲဒီ ဆားမီးဖုတ်ကို သံပရာရည်နဲ့ဖျော် လျက်ခိုင်းပါ။ နှာရည်ယိုပျောက်ဖို့အတွက် ကွမ်းရွက်မီးကင် အရည်ညှစ်၊ အုန်းဆီနဲ့ရောကလေးငယ်ထိပ်မှာ လိမ်းပေးပါ။

**ဆရာရှင့်၊ ကျွန်မက အသက် ၃၇ နှစ်ပါ။ ပြီးခဲ့တဲ့လက သွေးဆင်းတာ တစ်မနက်ပိုင်းမှာ ဆင်းပြီး ရပ်သွားပါတယ်။ နောက်ရက်မှာ အဖြူဆင်းလာပါတယ်။ တစ်ပတ်ကျော်ဆင်းနေပါတယ်။ အဖြူဆင်းတာ အန္တရာယ်ရှိပါသလား။ ဆေးနည်းလေး ပြောပြပေးပါ ဆရာ။**

အဖြူဆင်းတာအတွက် မီးကွင်းဂမုန်းရွက်ကို သုပ်စားပါ။ အပူအစပ်တွေ ရှောင်စားပါ။ ရက်ရှည် အဖြူဆင်းနေရင် အုန်းသီးအနုမှ အုန်းစိမ်းရည်သောက်ပါ။ သွန်မချပါနဲ့ အုန်းသီးမှာ ပိုက်တပ်ပြီး သောက်ပါ။ လေသလပ်ရင် အုန်းရည် ချဉ်တတ်ပါတယ်။ အုန်းစိမ်းရည်ဟာ ဝမ်းတွင်းက အပူတွေကိုငြိမ်းစေပြီး မီးယပ်ဖြူဆင်းတာကို သက်သာစေနိုင်ပါတယ်။

**ကန်တော့ပါ ဆရာ။ သမီးက ဓမ္မတာခါနီးရင် ရင်သားတွေ နာတတ်ပါတယ်။ အခုတစ်ကြိမ်မှာတော့ တော်တော်ကိုက်လို့ပါ။ ရင်သားတင်မကဘူး လက်မောင်းတွေပါ ကိုက်ခဲနေတာပါဆရာ။ ဘာလုပ်သင့်ပါသလဲ။**

ချင်းပါးပါးလှီး ခုနှစ်လွှာ၊ ကွမ်းရွက်တစ်ရွက်၊ ထန်းလျက် ငါးခဲ၊ ရေနွေးမတ်ခွက်တစ်လုံးနဲ့ ရောကျိုပါ၊ ရေနွေးလက်တစ်လုံးလောက် ခန်းသွားအောင်ကျိုပါ။ ဆားလှော်အနည်းငယ်ထည့်ပြီး တဖြည်းဖြည်းကုန်အောင်သောက်ပါ။ ရင်ဘတ်နဲ့ လက်မောင်းတွေကို နလင်ကျော်တုံး သွေးလိမ်းပါ။

**ဆရာခင်ဗျာ ကျွန်တော့်သမီးလေးက အသက် ခြောက်လပါဆရာ။ ကလေးဝမ်းမသွားတာ သုံးရက်ရှိပါပြီ။။ ဘယ်လိုလုပ်ရမလဲဆရာ။**

မုန်ညင်းဆီကို မီးနဲ့ခပ်နွေးနွေး အပူပေးပြီး ကလေးရဲ့ ဝမ်းဗိုက်ချက်တိုင်ကို ပတ်လိမ်းပေးပါ။ လက်ယာရစ်လိမ်းပေးပါ။ ကွမ်းရိုးရှာ အုန်းဆီနဲ့တို့ပြီး ကလေးရဲ့ စအိုပေါက်ထဲထည့် ကလိပေးပါ။ လေချုပ်ရင် လေထွက်ပြီးနောက် ဝမ်းလိုက်လာပါလိမ့်မယ်။

**ဆရာရှင့်၊ ကျွန်မအဒေါ်က အပူများပြီး ညဘက်အိပ်ရင် ခေါင်းချွေးတွေထွက်လို့ ဘယ်လို ပြုလုပ်ရမယ်ဆိုတာ ပြောပြပေးပါရှင့်။**

အောက်ကို အပူလည်အောင် ညအိပ်ရာဝင်ခါနီး ခြေဖဝါးဆားပွတ် ဒူးအပေါ်ကနေ အောက်ကို ရေလောင်းခြေဆေး ညစဉ်ပြုလုပ်ပေးပါ။ အိပ်ရာဝင်ခါနီး ရေအေးတစ်ခွက်သောက်အိပ်ပါ။ ခေါင်းချွေးထွက် သက်သာလာပါလိမ့်မယ်။

**ဆရာခင်ဗျာ၊ အဆုတ်ကျန်းမာဖို့ တိုင်းရင်းဆေး သောက်လိုပါတယ်။ ကျွန်တော့်အသိ ဦးပဉ္ဇင်းမှာ ရင်ကျပ်ရောဂါဖြစ်နေလို့ပါ။ ဦးပဉ္ဇင်း အိန္ဒြိယကို ပညာသင်မသွားခင် ပျောက်စေချင်လို့ပါ။**

ဘုရားပန်းအိုးထိုးတဲ့ ဇော်ဂျီတောင်ဝှေးပင်ကိုရှာပါ။ အရွက်က အနီရောင်မှာ အစိမ်းရောင်အနားကွပ်နဲ့ အရိုးက ထီးရိုးလို သုံးပေလောက်မြင့်ပါတယ်။ အရွက် ဒါမှမဟုတ် အရိုးပါပြုတ်သောက်ပါ။ မှန်ရောင်သကြားခဲ (ပရဆေးဆိုင်မှာဝယ်) ထည့်ပြုတ်ရင် ပိုကောင်းပါတယ်။ ပြုတ်ရည် တစ်နေ့ကို မတ်ခွက်တစ်လုံးလောက် သောက်နိုင်ပါတယ်။ စာရေးဆရာဓူဝံ လက်တွေ့ပျောက်တဲ့ နည်းလမ်းဖြစ်တယ်။

**ဆရာ သမီးက ကျောက်ကပ်ရောင်နေတာပါ။ ဘာတွေ ရှောင်သင့် ဆောင်သင့်လဲ သိချင်လို့ပါ။ ကျေးဇူးတင်စွာဖြင့်။**

ပူစပ်တာ၊ လေပွတာ၊ တည်သီး၊ ကောက်ညှင်း စေးကပ်တာတွေကို ရှောင်ရပါမယ်။ အင်္ဂလိပ်ဆေး၊ အကိုက်အခဲပျောက်ဆေးများများသောက်တာလည်း ရှောင်ရပါမယ်။ အရောင်ဆိုးဆေးသုံးထားတဲ့အစားအစာတွေ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ရယ်ဒီမိတ် အစားအစားတွေ၊ အကင်ဆိုင်က အကင်တွေ၊ အချဉ်ပေါင်းတွေ၊ ဝက်သားတုတ်ထိုးလို ပြန်ပြန်နွှေးရောင်းတဲ့ အစားအသောက်တွေ၊ မှိုတက်တယ်လို့ သံသယဖြစ်ဖွယ် အစာတွေ၊ ပုပ်ငန်တဲ့ အစာဖြစ်တဲ့ ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည် စတာတွေ၊ အနီရောင်ရှိတဲ့ ခြေလေးချောင်းသား၊ ပဲပင်ပေါက်၊ ပဲတီချဉ်၊ မျှစ်၊ မျှစ်ချဉ်၊ ငါးချဉ်၊ လက်လုပ်ချဉ် စတာတွေအပြင် မလတ်ဆတ်တဲ့ ရေခဲရိုက်ထားတဲ့ အစားအစာတွေ အားလုံးရှောင်ရပါမယ်။ ကျောက်ကပ်ရောင်တာ ကောင်းသွားရင်တောင် သုံးလကြာတဲ့ထိ မစားရပါ။ စားသင့်တဲ့အစာက ငါးကိုပေါင်းစားပါ။ ကကတစ်ငါးဆိုရင် ကျောက်ကပ်ရောင်တာ ကောင်းစေတယ်။ ငှက်ပျောဖက်နဲ့ထုပ်ပြီး ပေါင်းစားပါ။ ပဲများများစားပါ။ ရှောက်သီးနဲ့ ခါကြက်ဥ ဖျော်ရည်သောက်ပါ။ ငါးဆန်ပြုတ်သောက်ပါ။ ကျောက်ဖရုံသီးကို တစ်ပတ်နှစ်ကြိမ်၊ သုံးကြိမ် ဟင်းချိုချက်သောက်ပါ။ ကျောက်ဖရုံသီးဟာ ကျောက်ကပ်ကို သန့်စင်စေပါတယ်။ ပန်းသီးကို ဖျော်ရည်လုပ်သောက်ပါ။ ငှက်ပျောသီး ဖီးကြမ်းကို မီးကင်စားပါ။ နဂါးမောက်သီးအနီရောင်က ကျောက်ကပ်နဲ့တည့်တယ်။ လိမ္မော်သီး၊ စပျစ်သီး၊ ကမ္ဗလာသီးတွေ စားပါ။ ရေကို ကျိုချက်ပြီး ရေကျက်အေးလုပ်သောက်ပါ။ ရေခဲရေ မသောက်သင့်ပါ။

**ဆရာရှင့်၊ ကျွန်မကို ကူညီပေးပါ။ ကျွန်မ လက်သန်းဓားရှပါတယ်။ အသားပဲ့သွားပါတယ်။ ကျွန်မ သူများနိုင်ငံရောက်နေတာပါ။ ဆေးခန်းမသွားနိုင်တော့ မေးခိုင်ပိုး ကာကွယ်ဆေးလည်း မထိုးရပါဘူး။ အရက်ပြန်နဲ့ ဆေးရည်အနီရောင် (သူများပေးတာ)ထည့်ပြီး အကိုက်အခဲပျောက်ဆေး သောက်ထားပါတယ်။ အလုပ်နားရင် သူဌေးကလစာဖြတ်လို့ အလုပ်လည်း မနားရဲဘူး။ အခုပြည်စတည်နေပါပြီ။ ဘယ်လိုလုပ်သင့်ပါသလဲရှင့်။**

ပျားရည် ရှိပါသလား။ ပျားရည်စစ်စစ်က အနာမရင်းဘူး။ အရက်ပြန်က အနာရင်းတယ်။ မေးခိုင်ပိုးမဝင်နိုင်အောင် သံပရာသီးအရည် ညှစ်ချလိုက်ပါ။ နည်းနည်းစပ်တာ အောင့်ခံပါ။ ပြီးရင် ပျားရည်စိမ့်ဝင်အောင်လိမ်းပြီး ပတ်တီးပတ်ထားပါ။ ရေမထိပါစေနဲ့။ နနွင်းမှုန့်ရှိရင် ကော်ဖီဇွန်းတစ်ဇွန်းလောက် မန်းဆေးအဖြစ် သောက်ပါ။ ညှော်မမိပါစေနဲ့။

**ဆရာကြီးရှင့် ကျွန်မတို့ ဇနီးမောင်နှံက မလေးရှားမှာ နေပါတယ်။ အိမ်ထောင်ကျတာ ငါးနှစ်ကျော်ပါပြီ။ ကလေးမရသေးပါရှင့်။ ပြီးခဲ့တဲ့လက ဆေးစစ်ကြည့်တော့ အမျိုးသားက ကလေးလုံးဝမရနိုင်တာမဟုတ်ဘဲနဲ့ သုက်ကောင်အားနည်းတယ်လို့ အဖြေထွက်ပါတယ်။ ကျွန်မကတော့ အားလုံးကောင်းပါတယ်တဲ့။ အဲဒါ ဒီကဆရာဝန်တွေက အမျိုးသားအတွက် ဆေးမပေးပါဘူး။ ကျွန်မကိုပဲ ဆေးပေးပါတယ်ဆရာ။ အမျိုးသားအတွက် ဆေးနည်းလေးများရှိရင် ပေးပါလားဆရာ။ ကျွန်မတို့ ဇနီးမောင်နှံက ကလေးတအား လိုချင်နေလို့ပါ။ ကျွန်မ အသက်က ၃၄ နှစ်ပါ။ အမျိုးသားအသက်က ၂၈ နှစ်ပါ ဆရာ။ ကျေးဇူးတင်ပါတယ်ရှင့်။**

ခွေးလှေးယားသီးအစေ့ကို နွားနို့နဲ့ပြုတ်ပြီး ပြန်လှော်စားရင် အမျိုးသားသုက်ပိုး အားကောင်းပါတယ်။ မြန်မာနိုင်ငံမှာ ခွေးလှေးယားစေ့ (အယဉ်) အပင်တွေကို အခုစီးပွားဖြစ် စိုက်ပျိုးနေကြတာမို့ နေရာအတော်များများမှာ အားဆေးအဖြစ် ရောင်းချနေတာ တွေ့ရပါတယ်။ မြန်မာနိုင်ငံကို မှာယူရင် ရနိုင်ပါတယ်။ ခွေးလှေးယားသီးအစေ့ကို နွားနို့နဲ့ပြုတ်ပြီး အဆိပ်အတောက် ကင်းစင်အောင် သုဒ္ဓိပြုလုပ်တာ အာယုဗေဒကျမ်းလာနည်းပါ။ များများစားရင် တောက်တတ်ပါတယ်။ နှလုံးခုန်ချိန်များပြီး အန်တတ်ပါတယ်။ တစ်ကြိမ်စားရင် သုံးစေ့မှ ငါးစေ့ တစ်နေ့ နှစ်ကြိမ်ထက်ပိုမစားသင့်ပါ။ အိန္ဒိယအာယုဗေဒဆေးကျမ်းများမှာတော့ သုက်ပွားပြီး အားတိုးစေဖို့ ခွေးလှေးယားသီး(အရိုင်း) အစေ့ကိုပဲ ညွှန်တာလည်း တွေ့ရပါတယ်။ သုတေသနပြုကြည့်မှ အယဉ်နဲ့ အရိုင်း အာနိသင်ကွဲပြားမှုကို သိရမှာဖြစ်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ညဘက်နား လေခိုသလို ခံစားရပါတယ်။ ဆေးနည်းလေး ကူညီပါဦး။**

ရွက်ကျပင်ပေါက် မီးကင်အရည်ညှစ် နားထဲထည့်ပါ။ (တစ်နည်း) မုန်ညင်းဆီတွင် ချင်းတက်ပါးပါးလှီး သုံးလွှာလောက်ထည့် မီးနဲ့ချက်ပါ။ အဲဒီဆီနဲ့ နားကျပ်တံသုံးပြီး နားကျပ်ပေးပါ။ နားပြန်ကြားရတတ်ပါတယ်။

# တစ်ပိုင်တစ်နိုင် ဂန္ဓမာပန်းစိုက်ပျိုးသူများ စီးပွားဖြစ်လျက်ရှိ



**ကျောက်ဆည် ဇန်နဝါရီ ၂၉**

မြန်မာနိုင်ငံတွင် ရာသီဥတုကောင်းမွန်မှုကြောင့် ရှမ်းပြည်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် စိုက်ပျိုးရေးကို အဓိကထားစိုက်ပျိုးပြီး ပန်းမျိုးစုံနှင့် အခြားကောက်ပဲသီးနှံတို့ပါ အောင်မြင်ဖြစ်ထွန်းခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်းတို့ဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့်အနက်မှ ကျောက်ဆည်မြို့နယ်တွင် အအေးပိုင်းဒေသနည်းတူ ဂန္ဓမာပန်းနှင့် အခြားပန်းမျိုးစုံတို့စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် သံရွာအုပ်စု နောင်ခမ်းကျေးရွာသည် ရှမ်းပြည်နယ်တောင်တန်းများနှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိရာ ဆည်မြောင်းရေ၊ စက်ရေတွင်းတို့မှရေရရှိမှု ဖူလုံသောကြောင့် ကုန်းမြင့်မြေများတွင် နှမ်း၊ စပါး၊ ပန်းမျိုးစုံ၊ ဝါ၊ ပဲမျိုးစုံနှင့် အခြားကောက်ပဲသီနှံတို့ စိုက်ပျိုးခြင်းဖြင့် အောင်မြင်ဖြစ်ထွန်းသည်။ တစ်ပိုင်တစ်နိုင် ဂန္ဓမာပန်းစိုက်ပျိုးရာတွင် အပင်ကြီးမှ အတက်ငယ်များခွဲ၍ ပျိုးထောင်ရာတွင် အပူဒဏ်ကာကွယ်ရေးအတွက် ငှက်ပျောဖက်ခြောက်များဖြင့် ကာကွယ်ခြင်း၊ နေ့စဉ်မှန်မှန်ရေလောင်းခြင်းတို့ပြုလုပ်ရာ ပျိုးသက်ရက် ၂၀ တွင် အသင့်ပြင်ဆင်ထားသောမြေအား သဘာဝမြေဩဇာများရောထည့်၍ ပေါင်များပြုလုပ်ပြီး စိုက်ပျိုးရာ နေ့စဉ် နံနက်၊ ညနေခင်းအချိန်များတွင် စက်ရေတွင်းအား မော်တာတပ်ဆင်၍ ရွှဲရွှဲပက်ဖြန်းပေးခြင်းမှ ငါးလအကြာတွင် ဂန္ဓမာပန်းများအား ဖောက်သည်ဈေး ငါးခက်တစ်စည်းလျှင် ကျပ် ၁၅၀ ဖြင့်ရောင်းချကြောင်း သိရသည်။

လက်လီရောင်းချသူများမှာ ၁၀ ခက်တစ်စည်းလျှင်ငွေကျပ် ၅၀၀ ဖြင့် ပြန်လည်ရောင်းချရာ ပန်းစိုက်ပျိုးသူ၊ ပြန်လည်ရောင်းချသူများ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**ခင်မောင်လွင်**

# မြန်မာနိုင်ငံအတွင်းသို့ ဆိုင်ကယ်စီးကမ္ဘာလှည့်ခရီးသွားဧည့်သည်များ နယ်စပ်ဖြတ်ကျော်ခရီးစဉ်များဖြင့် ဝင်ရောက်လည်ပတ်မှုများပြား

**နေပြည်တော် ဇန်နဝါရီ ၂၉**

Osuga Myanmar Travel & Tour Co. ,Ltd. ၏စီစဉ်မှုဖြင့် တူရကီနိုင်ငံမှ ခရီးသွားဧည့်သည်တစ်ဦးသည် ဇန်နဝါရီ ၁၂ ရက်က ၎င်း၏မော်တော်ဆိုင်ကယ်ဖြင့် ရန်ကုန်-ကျိုက်ထီးရိုး-ဘားအံ-မော်လမြိုင်-မြဝတီဒေသများရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် ထင်ရှားသောနေရာများအားလေ့လာ၍ ဇန်နဝါရီ ၁၆ ရက်တွင် ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယင်းအပြင်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Golden Orbit In’t Travel & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဗြိတိန်နိုင်ငံမှ ခရီးသွားဧည့်သည် ၁၇ ဦးတို့သည် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ဆိုင်ကယ် ၁၆ စီးဖြင့် ဇန်နဝါရီ ၁၀ ရက်က မြဝတီနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး မြဝတီ-ဘားအံ-ကျိုက်ထို-နေပြည်တော်-ပုဂံ-မန္တလေး-ညောင်ရွှေ-အင်းလေး-လွိုင်ကော်-တောင်ငူ-မြဝတီဒေသများရှိ သဘာဝရှုခင်းများနှင့် ထင်ရှားသောနေရာများအား ကြည့်ရှုလေ့လာခံစားရင်း ဇန်နဝါရီ ၁၉ ရက်တွင် မြဝတီမြို့မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများနှင့် သမိုင်းကြောင်းခိုင်မာသော ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ဧည့်ဝတ်ပျူငှာမှုများ၊ တိုင်းရင်းသားမျိုးစုံတို့၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့စရိုက်များကြောင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များအနေဖြင့် မြန်မာနိုင်ငံသို့ နယ်စပ်ဖြတ်ကျော်ယာဉ်တန်းခရီးစဉ်များဖြင့် စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

**ဟိုတယ်/ခရီး**

# အရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲကျင်းပ

**ခင်ဦး ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မြို့နယ်စည်ပင်သာယာရေးရုံး၌ ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခင်ဦးမြို့နယ်စည်ပင်သာယာရေးကော်မတီအရပ်ရပ်အခွင့်အရေးလိုင်စင်များ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပွဲ အခမ်းအနားကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝင်းအောင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်ထွန်းက လေလံတင်ရောင်းချရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကြမ်းခင်းဈေးနှုန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဈေးပြိုင်စနစ် လေလံတင်ရောင်းချလိုင်စင်ခုံများနှင့် ကြမ်းခင်းဈေးနှုန်းများမှာ အမဲဟင်းခုံ စုစုပေါင်းခုနစ်ခုံလျှင် ငွေကျပ် ၅၁၂၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဝက်ဟင်းခုံ စုစုပေါင်း တစ်ဆယ့်နှစ်ခုံလျှင်ကျပ် ၆၅၈၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆိတ်ဟင်းခုံတစ်ခုံလျှင်ကျပ် ၁၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့ဝင်ဘီးခွန်တစ်ခုလျှင် ငွေကျပ် ၆၀၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့မဈေးကောက်တစ်ခုလျှင် ငွေကျပ် ၁၁၅၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြို့မဈေးအိမ်သာတစ်ခုလျှင် ငွေကျပ် ၆၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ယာဉ်ရပ်နားခကောက်ခံလိုင်စင်တစ်ခုလျှင်ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ သင်ပေါင်းကား-သပိတ်ကျင်းကူးတို့လုပ်ငန်းတစ်ခုလျှင် ငွေကျပ် ၂၀၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း အသီးသီးကြမ်းခင်းဈေးနှုန်းများ သတ်မှတ်ထားရှိကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

# တောင်သူများအကျိုးအမြတ်ရရှိစေရေး စပါးနှင့် ဆောင်းသီးနှံများ နည်းပညာရပ်များပေးနိုင်ရေး ကွင်းဆင်းစစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ်တို့တွင် တောင်သူများအကျိုးအမြတ်ရရှိစေရေးအတွက် စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရာတွင် နည်းပညာရပ်များ၊ ဈေးကွက်ရရှိစေရေးတွင် များစွာအထောက်အကူပြုစေမည်ဖြစ်ရာ ဇန်နဝါရီ ၂၅ ရက်က စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲမြို့နယ် ရေဘုတ်ဆည်ရေသောက်ဧရိယာအတွင်း နွေစပါးနှင့် နွေနှမ်း တစ်ဆက်တစ်စပ်တည်း ဧက ၂၀၀ စိုက်ပျိုးထားသော ထီလုံကျေးရွာအုပ်စု သမ္မာန်စိုက်ပျိုးပညာပေးစခန်းရှိ နွေစပါးစိုက်ခင်းများနှင့် နွေနှမ်းစိုက်ပျိုးရန် မြေယာပြုပြင်နေမှုများကို စစ်ဆေးခဲ့သည်။

ယင်းနောက် ရွှေဂွန်းကျေးရွာရှိ ဆောင်းမြေပဲ တစ်ဆက်တစ်စပ်တည်း စိုက်ခင်းဧက ၁၀၀ ရှိ စိုက်ခင်း၌ လက်တွေ့မြေပဲတူးဖော်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ဘားအံမြို့နယ် ကော့လိုက်ကျေးရွာရှိ မြေပဲစိုက်ခင်းသို့ သွားရောက်၍ တစ်နှစ်လျှင် နှစ်သီးစားပုံစံဖြင့် စပါးအပြီး ဆောင်းသီးထပ်မြေပဲစိုက်ပျိုး၍ သီးနှံစိုက်စွမ်းအားတိုးတက်ရေးနှင့် တောင်သူများ ဝင်ငွေတိုးတက်ရေး၊ ဒေသစားသုံးမှုဖူလုံရေးအတွက် မြေပဲ၊ ပဲတီစိမ်းအပြင် ပဲပုတ်၊ ဆီထွက်ပင်များ တိုးချဲ့စိုက်ပျိုးနိုင်ရေးကိုလည်းကောင်း၊ နွေစပါးစိုက်ပျိုးရာ၌ သက်တမ်းတို၍ ဒေသရေမြေနှင့်ကိုက်ညီသော တောင်သူနှစ်သက်သော၊ ဈေးကွက်ရရှိသော စပါးမျိုးများကို ရွေးချယ်၍ စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်းတိုးပြီး ဈေးကွက်ရရှိသောနှမ်းမျိုးများကို စိုက်ပျိုးနိုင်ခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိစေရေး ဆောင်ရွက်ရန် သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အလားတူ ဇန်နဝါရီ ၂၄ ရက်က ဘားအံမြို့နယ် တရုတ်လှမြစ်ရေတင်ဧရိယာအတွင်း SRI နည်းစနစ်ဖြင့် ဆင်းသုခနွေစပါး ငါးဧကစံပြကွက်တွင် ရေသွင်းရေထုတ် ဂရုတစိုက်ပြုလုပ်ရန်၊ ပေါင်းမြက် ကင်းစင်ရေးများ စနစ်တကျရှိရေးတွင် တောင်သူပညာပေး လုပ်ငန်းလုပ်ဆောင်နိုင်ရေးအတွက် သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်တွင် မူလတန်းအဆင့် ပန်းချီဆေးခြယ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။ အခမ်းအနားတွင် ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မိုးညွန့်က ပြိုင်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ရွှေကျင်မြို့နယ် ပန်းချီပညာရှင်ဦးမြင့်ကြည်က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၂ ဦးတို့က ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြဝတီဘဏ်လီမိတက် ဘဏ်ခွဲဖွင့်လှစ်

**မြဝတီ ဇန်နဝါရီ ၂၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ ပြည်သူလူထုအတွင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြဝတီဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်မှ အရာရှိကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်ရုံးချုပ်မှ မန်နေဂျင်းဒါရိုက်တာ ဦးယုလွင်၊ ဒါရိုက်တာ ဒေါ်ခင်အေးမော်နှင့် တာဝန်ရှိသူများ၊ မြဝတီဘဏ်လီမိတက်(မြဝတီ) ဘဏ်ခွဲမှ မန်နေဂျာ ဒေါ်နန္ဒာအောင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

ယခု မြဝတီမြို့တွင်ဖွင့်လှစ်သည့် မြဝတီဘဏ်လီမိတက်(မြဝတီ)ဘဏ်ခွဲသည် ၄၉ ခုမြောက်ဘဏ်ခွဲဖြစ်ပြီး ငွေစုဘဏ်အပ်ငွေပေါ်တွင် အတိုးနှုန်းအနေဖြင့် တစ်နှစ် ၈ ဒသမ ၅ ရာခိုင်နှုန်း၊ စာရင်းသေအပ်ငွေစာရင်းပေါ်တွင် တစ်လ၊ နှစ်လ၊ သုံးလ၊ ခြောက်လ၊ ကိုးလ၊ ၁၂ လ (တစ်နှစ်) အထိ (၉ ရာခိုင်နှုန်း) မှ (၁၀ ရာခိုင်နှုန်း) အထိ ပေးအပ်မည်ဖြစ်သည်။

ထို့အပြင် စီးပွားရေး လုပ်ငန်းရှင်များကို လိုအပ်သော ငွေကြေးအရင်းအနှီးများအတွက် မရွှေ့ပြောင်းနိုင်သောမြေနှင့် အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ တစ်နှစ်လျှင် အတိုးနှုန်း (၁၃ ရာခိုင်နှုန်း) ဖြင့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**


# လူမှုဖူလုံရေးအဖွဲ့မှ နယ်လှည့်ဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်

**နတ်တလင်း ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာရွေ့လျား ဆေးကုသရေးယာဉ် (Mobile Medical Unit) တို့ပူးပေါင်း၍ နယ်လှည့်ဆေးကုသပေးခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီအထိ နတ်တလင်းမြို့နယ် လူမှုဖူလုံရေးအဖွဲ့ရုံးတွင် ကုသဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသခြင်းလုပ်ငန်းကို နတ်တလင်းရုံးခွဲတာဝန်ခံ ဒေါ်အေးအေးသွင်၊ တာဝန်ခံဆရာဝန်ဒေါက်တာမော်ကွန်းမြင့်သူရွှေနှင့် ဝန်ထမ်းများ၊ သုမင်္ဂလရွေ့လျားဆေးကုသရေးယာဉ် (MMU) တာဝန်ခံဆရာဝန်ဒေါက်တာအောင်ရဲခိုင်နှင့် ဝန်ထမ်း ၁၃ ဦးတို့မှ နတ်တလင်းမြို့နယ်အတွင်းရှိ လူမှုဖူလုံရေးအဖွဲ့ဝင်များအား ကျန်းမာရေးဆေးစစ်ပေးခြင်း၊ လိုအပ်သောဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

